မဟာဒွါရနိကာယ

# မဟာနာယက ဆရာတော်ဘုရားကြီးများ

ပြဋ္ဌာန်း ထုတ်ဆင့်အပ်သော

# ဒွါရဂိုဏ်းကြီး၏ဥပဒေကျင့်စဉ်


၁၃၁၈ ခု တန်ဆောင်မုန်းလ
ယနှိပ်ခြင်း စာအုပ်ရေ ၄၀၀၀

ဂန္ဓမာ စာပုံနှိပ်တိုက်
အမှတ် ၁၃၉-၁၄၁၊ လမ်း-၅၀၊ ရန်ကုန်မြို့။



၁၁

# ဟင်္သာဝတမြို့

ရန်ကုန်တိုက်

“ မဝလာဘိခေကာဝိန္ဒာဓိပဘိဓမ္မဝံသ

ဓေသနာပတိ ဂဏိဿရ မဟာနာယကာရ”

သမ္မုတိတံဆိပ်တော်ရ

ဒုတိယသံဃကြွ မဟာနာယက

ဆရာတော်ကြီးဘုရား အတည်ပြုရွှန်းနေးသော

ထုတ်ဆင့်တော်မူအပ်သော

# ဒွါရဂိုဏ်းကြီး၏ ဥပဒေကျင့်စဉ်

နှင့်

ဓာတုဇ္ဇ သံဃကြွ မဟာနာယက

ဆရာတော်ကြီးဘုရား၏

## နောက်ဆက်တွဲ ဥပဒေ။

၁၃၁၁—ခုနှစ် တန်ဆောင်မုန်းလအတွင်း

တတိယနှိပ်ခြင်း စာအုပ်ရေ (၄၀၀၀)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သေဗ္ဗဗေဒ္ဓ အတုလဟု မကုဋသာကိန် ရာဇာဓိရာဇ်ဖြန် ဒေဝါတိဒေဝိန် ဗြဟ္မာဓိနာဓိပတ် သိရိသောဘာဂ် မဟာဂ်ဘုန်းကျက် နှုန်းချကုန်သဖြင့် သုံးဘုံလုံးဦးရန်း ရဟန်းတကာတို့၏ ထုတိမင်္ဂလာ ရတနာ့ဝိသိဋ္ဌ အသဒိသ်ပါရင် အသင်္ခတသာဓိ တိလောကသင်းကျစ် မျက်ရစ်အမြုံဘော မဟောသိဝိဘူ သယမ္ဘူ မြတ်စွာဘုရား၏ ရှစ်ပါးအင်္ဂါ စုံညီညာသော နိယျာနိက သာသနာတော် မြတ်ကြီး၌ ကပ်ဆည်းမှီခို ကြည်ညို ရွှင်လန်းသဖြင့် ရဟန်းသာမဏေ ပြုသုပ်ကုန်လျက် ခိုလှုံနေထိုင်ကြကုန်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် တို့သည် မင်းဘေး ခိုးသူဘေး ငတ်မွန်ခေါင်းပါးခြင်းဘေး စသည်တို့ကြောင့် ခိုလှုံနေထိုင် ကြသည်ကား မဟုတ်ကုန်၊ စင်စစ်မှာ သာမဏေအဖြစ် ကို နှလိုယူလို၍ တောင်းဆို လျှောက်ထား ကြသော အခါဆပင်

အပ္ပံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော
မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ

ဟု နှုတ်မြွက်ဝန်ခံ တောင်းပန် လျှောက်ထားခဲ့သည့်နှင့်လျော်စွာ ဇာတိဇရာဗျာဓိမရဏာ စရှိပြောပို ထိုထိုဘေးကြီး ဒဏ်ကြီး မီးသတ်မီးတို့ဖြင့် ဆူသည်းလျှံ၄ှန် အလွန်ပူပြင်းလှစွာသော ဘဝကန္တာရဝဋ် ဒုက္ခညွှတ်မှ ကင်းလွတ် ထွက်မြောက်ကြ၍ နိဗ္ဗာန်သုခကို ရလိုကြကုန်သောကြောင့် သာလျှင် အံ့ဘွယ်ရှစ်လီ စုံညီခိုင်မြဲ ဘုရားရှင် သာသနာတော်မြတ်ကြီး၌ ကပ်ခိုသည်းသက်ဝင် ရဟန်းပြုလုပ်နေထိုင်ရခြင်းဖြစ်ကုန်သည်။

ထိုနိဗ္ဗာန်သုခ အမတ ချမ်းသာကိုလည်း အသော့ဒုဿီလ ပါပညစ်ယုတ် အတွင်းကပုပ်သိုးခြင်း ရှိကုန်သော ရဟန်းဆိုး ရှင်ဆိုးတို့၏ အဖြစ်ဖြင့်ကား ရနိုင်ကြမည် မဟုတ်ချေ။

သီလေ ပတိဋ္ဌာယ နရော သပညော

အစရှိသော ပါဠိတော်နှင့် လျော်ညီစွာ ပဋ္ဌာဘိသေက ဇယမင်္ဂလာ မဟာဝိသိဋ္ဌ် ဖေအာင်ဘိသိက်နေ့စင်ကို ဦးထိပ်တွင် သွန်းလောင်းဆွတ်ဖျန်းစ အခါကပင် ဘုရားရှင်၏ ကိန်းဝင်စံနိုးရ အာဏာတော်မွေကြောင့် လှလှကြီး ရဖင်ကုန်သော သယံဇာတ အနုဿဝိခိသ ကုဋေကိုးထောင်ကျော် မြတ်ဘောင်မိန့်ဟ

နိဗ္ဗာနနယ်ဦး စစ်မှူးစစ်ဘုရင်တို့၏ ချပ်ဝတ် တန်ဆာ အလင်္ကာ ဝိသေသ ပါတိမောက္ခ သံဝရ စသည့် လေးဆင့် အကျင့်သီလတို့နှင့်ပြည့်ဝစုံညီ လဇ္ဇီသီလဝန္တ ရဟန်းကောင်း ရှင်ကောင်းတို့၏ အဖြစ်ဖြင့်သာ ရနိုင် ကုန်ရာသည်။

ထိုရဟန်းကောင်း ရှင်ကောင်းတို့၏ အဖြစ်ကိုလည်း ဝိရာဂ ဝိသံယောဂ မဒနိမ္မဒန ဝဋ္ဋုပစ္ဆေဒစသော ဗုဒ္ဓေါပ ဒေသမှဒင်း တဒနုဒေသာမိက သဗ္ဗုရိသော ပဒေသမှဒင်း ကင်းပဝေးကွာလျှင် လွန်စွာပင် ရခဲနိုင်ပေ လိမ့်မည်။

ထိုကြောင့်

ဩဝဒေယျာ နုသာသေယျ၊
အသဗ္ဘာ စ နိဝါရယေ။

ဟူသောပါဠိတော်နှင့် လျော်ညီစွာ သမဂ္ဂဂိုဏ်းဝင် သံဃာကြီးငယ် အပေါင်းတို့၏ ကိုယ်အမူအရာ နှုတ် အမူအရာတို့၌ ပါသာဒိက ဂုဏ်ကုံလုံ ပြည့်စုံကြွယ် ဝရင်းရှိကြ၍ လဇ္ဇီသီလဝန္တ ကလျာဏ အစစ်ဖြစ်သည် ထက်ဖြစ်ကြပါစေခြင်းအကျိုးငှါ ကျေးဇူးရှင် အုဂ်ဖိုရ် ဆရာတော် ဘုရားကြီး၏ စည်းမျဉ်း ဥပဒေကို အစဉ်မြဲ လျှော်ကဲ ဒွါရဂိုဏ်းကြီး၏ ဦးစီးဥက္ကဋ္ဌ ဂဏပါမောက္ခ မဟာနာယက ဖြစ်တော်မူသော ဟင်္သာတမြို့ ရန်ကုန်

တိုက် ဆရာတော် ဘုရားကြီးက ဂဏရက္ခိတ ဖလ္လုနာ ပါက ဆရာတော်တို့နှင့် တိုင်ပင်ညီညာ၍ မေဓာပုဗ္ဗင်္ဂမ ဥပဒေသကထာ မိန့်မှာပြဋ္ဌာန်း အပ်ကုန်သည်။ သမဂ္ဂ ဂိုဏ်းဝင် သံဃာတော် ကြီးငယ်တစုတို့။

ဤသို့ လင်္ကာသရာ သမ္မာဝါဒသိဒ္ဓိ မဟာဗိန္ဒုတော် အခင် ဓမ္မပြည့်ဝ သာသနရက္ခက ဂဏာဓိကကျင် ရှေးရှေးကုန်သော အရှင်သခင် ကျောင်းတို့တံဘွား ဆရာတော် ဘုရားကြီး များက ဂိုဏ်းသံဃာအလုံး ရှုံးစည်း မပျက် မယှက် မထွေး သာသနာတော်မြတ်ကြီး၏ အရေးကို အေးအေး ချမ်းချမ်း ဆောင်ထမ်းသည်ပုံးကြစေခြင်းငှါ အတည်ပြု ဋ္ဌာန်း ပြန်တမ်း ထုတ်ဆင့် အပ်သော ဥပဒေသ ဩဝါဒ ကထာကို သမဂ္ဂဂိုဏ်းဝင် သံဃာ အပေါင်းတို့ကလည်း ကိုယ်ကျိုး ကိုယ်စီးပွားကို လိုလား တောင့်တ ကြကုန် သည်ဖြစ်၍ ဆိုဖွယ်ခဲ့ပြီးသော သံဝေဂ ဝဋ် ဒုက္ခဉာဏ်မှ ကင်းလွတ်ထွက်မြောက် နိဗ္ဗာန်သို့ ရောက်ရခြင်းအကျိုး ငှါသာလျှင် အံ့ ဘွယ် ရှိ ဖြာ သာ သ နာ တော် နှ ကောင်းစွာနေထိုင်ကြသည့် အားလျော်စွာ သောဝစဿ တာ မင်္ဂလာအောင်ပန်းကို လှလှကြီး ဆင်မြန်းကြ ကုန် လျက် သဒ္ဓါ, သတိ, ဝီရိယ, ပညာ, ဆင်မြတနာတို့ဖြင့် ကောင်းစွာ သေ ရွှေ့ မသေ မလျှန် ငြိမ်းနားခံ၍ အောင်ကြိုး နိုင်ကြပါစေကုန်သတည်း။

# လိုက်နာကျင့်သုံးတော်မူကြရန် ဥပဒေသ ဩဝါဒ ကထာ

## ခြည်းမျဉ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ကုန်သတည်း။

(၁) ကျောင်းသိီး ကျောင်းပိုင် ကျောင်းထိုင် ဖြစ်ကြကုန်သော သမဏဂိုဏ်းဝင် သင်္ဃာတော်များတို့သည် မိမိကျောင်းတိုက်ရှိ တပည့်တပန်း ရဟန်း သာမဏေတို့၏ စာရင်း သင်ကြား ပို့ချ အပ်ကုန်သော ကျမ်းဂန် စာရင်းများကို အမည်နှင့်တကွ နှစ်စဉ်နှစ်စဉ် ဝါခေါင်လပြည့်အတွင်း မိမိတို့ဆိုင်ရာ ဂဏာရက္ခိတ အနုနာယက ဆရာတော်တို့ထံသို့ မပျက်မကွက် မှန်ကန်သေချာစွာ ပို့ဆက်ကြရမည်။

(၂) ဂဏာရက္ခိတ အနုနာယက ဆရာတော်တို့က မိမိတို့ထံသို့ ရောက်လာသော စာရင်းများကို ရှင်းသန့်ပြင်ဆင်၍ မိမိတို့တိုက်ရှိ သင်္ဃာ စာပေ စာရင်းများနှင့် တကွ တော်သလင်းလပြည့်အတွင်း မဟာနာယက ဆရာတော်ကြီးဘုရားထံသို့ ဆက်တင်သွင်း ကြရမည်။

(၃) အကယ်၍ မိမိတို့ အုပ်စုပါ နယ်အတွင်း၌ ကျောင်းကန် အတိုးအပွား အပျက် အစီး ရှိခဲ့လျှင်

မည်သည့် အကြောင်းကြောင့် တိုးပွား ပျက်စီးကြောင်း များကို (၂) အပိုဒ် စာရင်းတွင် အတိအလင်း ရေးသား တင်ဆက်ကြရမည်။

(၄) အရပ်ရပ်နာယက ဆရာတော်တို့ ဘင်သွင်း၍ ဆက်အပ်ကုန်သော စာရင်းများ စုံစေသောအခါ မဟာ နာယက ဆရာတော်ကြီးဘုရားက စာရင်းချုပ် ပြုလုပ် ဝေဌအပ်သော စာရင်းပါ သံဃာတော် ချင်းချင်းသာ ဒွါရဂိုဏ်းကြီး၏အ ။ ကျေးဇူးသျှင်အုဂ်မိုရ် ဆရာတော် ဘုရားကြီး ဆုံးဖြတ်တော်မူချက်အရ သံဝါသ သမေ္ဘာဂ မကင်း ပေါင်းသင်းဆက်ဆံနေထိုင်ကြရမည်။

(၅) ဂိုဏ်းတပါးမှ မိမိတို့ဂိုဏ်းသို့ သမ္ဘောဂ သံဝါသမကင်း ပေါင်းသင်းဆက်တင် ရောက်ဝင်နေ ထိုင်လိုကြကုန်သော ကျောင်းသီး ကျောင်းပုင် ကျောင်း ထိုင်ပုဂ္ဂိုလ်များကို စုံစမ်းစစ်ဆေး၍ ကြေမြအေးစိတ်ချ သံ သယကင်းစေကာမူ မိမိတို့သ ၁အတွင်း ဝင်ရောက် နေထိုင်ရန် အခွင့်ကိုမပြု ကြဦးဘဲ မိမိတို့နှင့် နီးစပ်ရာ ဂဏရက္ခိတ အနုနာယကဆရာတော်တို့ထံသို့ ကိုယ်တိုင် ခေါ်ငင်ဝင်ရောက် လျှောက်ထားကြ၍ ထိုဆရာတော်တို့ ထံမှ အမိန့်ရမှသာလျှင် ပေါင်းသင်းဆက်ဆံ လက်ခံ ခွင့်ပြုကြရမည့်ပြင် မည်သည့် ဆရာတော်တို့ အမိန့်အရ လက်ခံကြောင်းကိုလည်း နေရပ် ရွာပြည့် ဘုန်းတော်ကြီး

အမည်များနှင့် တကွ မဟာနာယက ဆရာတော်ကြီး ဘုရားထံ အမြန်တင်ပို့ရမည်။

(၆) ဂဏာရက္ခိတ အနုနာယက ဆရာတော်တို့က လည်း အန္တိမဝတ္ထုများနှင့် အမှုအခင်း ဖြစ်ပွားဘူးသော ပုဂ္ဂိုလ်ဖြစ်က ဝိနယ ဂရုက ဖြစ်သော ဝိနည်းရို၏ ထံမှ ဝိနိစ္ဆယ ဖြတ်စာကိုရပြီး၍ စိတ်နှလုံး ဖြောင့်စင်းတည် ကြည်စွာ ဒွါရဝါဒီဂိုဏ်းဝင် သံဃာတော်တို့၏ ကျင့်ရိုး ကျင့်လမ်း စည်းကမ်းမပျက် အစဉ်အဆက်ဆောင်ရွက် ကျင့်သုံးပါမည် ဟူသော ပဋိညာဉ်ကို ရပါမှပေါင်းသင်း ဆက်ဆံ လက်ခံခွင့်ပြုရန် အမိန့်ကို ပေးတော်မူကြရမည်။

(၇) ဂိုဏ်းရှိသံဃာတော် များက မဟာ နာယက ဆရာတော်ကြီးဘုရားထံသို့ လျှောက်တင်ရန် အကြောင်း ဘူး တစုံတရာရှိပါလျှင် ဦးတိုက်မတင်သွင်းကြဘဲ မိမိ တို့ ကြည်ညို နှစ်သက်ရာ ဂဏာရက္ခိတ အနုနာယက ဆရာတော်တို့ အထံမှ တဆင့် တင်သွင်း လျှောက်ထား ကြရမည်။

(၈) သာသနဓုရဂ္ဂါဟ အနုနာယက ဆရာတော် အသီးသီးတို့သည် မိမိတို့အား ကူညီထောက်ပံ့ရန် အသို ဌာ သတိ ပညာ သဒ္ဒါတရားနှင့် ပြည့်စုံသော သံဃာ နှစ်ပါး သုံးပါးကို မိမိတို့အုပ်စုအတွင်း အများသဘော တူရာ ရွေးချယ်စိစစ်၍ အနုရက္ခိဟ ဟူသော အမည် ဖြင့် ကူညီထိန်းသိမ်း စောင့်ရှောက်စေရမည်၊

(၉) အနှုရက္ခိတ ဆရာတော် ကလေးများကလည်း အဆက်အဆက် ဆရာတော်ကြီးများ၏ အမိန့်ကို နာခံကြလျက် သာသနာတော်မြတ်၏ တာဝန်ကို အားသွန်လုံးပန်း ဆောင်ထမ်းသည့်ပူးတော်မူကြရမည်။

(၁၀) ရပ်ဝေး ရပ်နီး ရက်တို ရက်ရှည်မဆို ဆွမ်းစားပရိတ်ရွတ်စသော ကိစ္စအထူးဖြင့် တိုက်တာအများမှ သင်္ဃာတော်အများ ဆုံစည်း ကြွသွားတော်မူကြသောအခါ အရာရာမျိုး၌ပင် ပသာဒနိယဝတ်ကို မဆောင်တတ် မဆောင်နိုင်သော ပုဂ္ဂိုလ်များကို မူလကပင်မလိုက်ပါလာစေဘဲ သွားလာနေထိုင် စားသောက် အိပ်စက်ခြင်းစသော အမှုအရာမျိုးတို့၌ သုသိက္ခတဖြစ်၍ ထေရ်စဉ်ဝါလိုက် ယိုက်မြိုက်စိတ်တန်း နေထိုင်စားသောက်တတ်သော ပုဂ္ဂိုလ်ကိုသာလျှင် ခေါ်ဆောင်ခဲ့ကြ၍ ရောက်ရာရောက်ရာ သင်္ဃာအစည်းအဝေး၌ မိမိတို့တပည့်အပေါ်တွင် မတော်သော အရာမျိုးကို မြင်ခဲ့လျှင် တိုးတိုး သာသာ အခါခါ သတိပေးကြ၍ အရေးသျှင် သင်္ဃာ မထေရ်ကြီးတို့၏ အမိန့်အဆို အတိုင်းသာ လိုက်နာပြုမူစေကြရမည်။

(၁၁) မိမိတို့ကျောင်းတိုက် နယ်ပယ်အတွင်း၌ အစိုးရမင်းတို့၏ ဥပဒေအာဏာနှင့် မလွတ်မကင်း အမှုအခင်းများကို ကြံစည်တတ် ကျူးလွန်တတ်သော ပုဂ္ဂိုလ်များကို

လက်ခံ သိမ်းပိုက်၍ မထားကြရသည့်အပြင် တရားမမှု များနှင့်စပ်၍လည်း မည်သည့်နည်းနှင့်မျှ ရုံးပြင်ကနားဌ် တရားစွဲဆိုခြင်းကို မပြုကြရလေအောင် အထူးသတိ ဆောင်၍ နိုင်နင်းစွာ စောင့်ရှောက် ထိန်း သိမ်း ကြ ရ မည်။

(၁၂) မိမိတို့၏ တည့် ဟာပန်း ရဟန်းငယ် ရှင်ငယ် တို့ သည် ပိဋကတ် ကျမ်းဂန် သင်ကြား ရန် စ သော အကြောင်းဖြင့် အရပ်တပါးသို့ ရွှေ့ပြောင်း နေထိုင်ရန် ခွင့်ပန်လျှောက်ထား ကြသောအခါ များစွာ ဆင်ခြင်၍ ထိုတပည့်ငယ်တို့၏ အကျိုးစီးပွား ပျက်ပြား ဆုတ်ယုတ် မည့် နေရာကို နိုင်နင်းစွာမြစ်တား အကျိုးစီးပွား ထွန်း ကားမည့်နေရာကို ညွှန်ကြား၍ ထိုတပည့်ငယ်တို့ကို ချီး မြှောက်သော အားဖြင့် လက်ခံစေလိုသောဆရာသည် လက်ခံလွယ်ရန် သက်သေခံ လက်မှတ် စာကို ကောင်း စွာ ရေးသား၍ ပေးလိုက်ကြရမည်။

(၁၃) လက်ခံ ခွင့်ပြုလိုကုန်သော ဆရာတော် တို့က လည်း တိုင်ကြားခွင့် ဆုံးမခွင့်များကို ပြုလုပ်ရန် ပိုင်နိုင် လွယ်ကူမည့်အရေးကို ထောက်တွေး မြင်မြော်၍ နေ ရင်းဆရာတော်ထံမှ ယုံကြည်လောက်သော သက်သေ ခံလက်မှတ်ကို ရမှသာ လက်ခံကြရမည်အပြင် မိမိတို့က် တာဝ ဖဲခွါ၍ရွှေ့ပြောင်း လို၍ ခွင့်တောင်းသော အခါ၌

လည်း တဆင့်တဖန် သက်သေခံ လက်မှတ်ကို ပေး
အပ်လိုက်ကြရမည်။

(၁၄) တစုံတယောက်သော ပုဂ္ဂိုလ်သည် ဓမ္မဝိန
ယနှင့်စပ်၍ ရေးအပ်သော စာအုပ်စာတမ်း စာသွာ
တို့၌ သေးသိမ်နုတ်ဖွဲ့ ဆိုဆဲသော စကားပါလျှင် ရေး
သားသူမှာလည်း အပြစ်တက် ကြားနာသူ မှာလည်း
မနှစ်သက်ဖြစ်တတ်သည်၊ အကယ်၍ အခက္ကောသ လွတ်
ကင်း သန့်ရှင်းစွာ ရေးလင့်ကစား ပုထုဇဉ် ဖြစ်သည့်
အားလျော်စွာ အနည်းငယ် ချွတ်ချော် တိမ်းပါး မှား
ယွင်းသောအရာ ပါရှိသည်ကို အမှန်ဟု ပြောဆိုလျှင်
သည်း သာသနာတော်ကြီး ပျက်စီးစရာ မှားသည်ဟု
ပြောပြန်ပါလျှင်လည်း ဝိဝါဒမကင်း အချင်းချင်းရန်ဖြစ်
တတ်ကြသည်။ ထို့ကြောင့် တောင်းပန်သူ ရှိ၍ဖြစ်စေ
မရှိဘဲဖြစ်စေ မွေ ဝိနယနှင့် စပ်သော ဘုတ်အုပ် စာ
တမ်း စာသွာများကို ရေးသား၍ ပုံနှိပ်ပြုလုပ် ထုတ်
ဆောင် ဝေဌလိုသော ပုဂ္ဂိုလ်သည် အချင်းချင်း ကလ
ဟ ဝိဝါဒ ကင်းစင်၍ သာသနာတော်၏ စည်ပင်ခြင်း
၌ါ အက္ကောသ မပါအောင်ရေးသား၍ ဂဏပါမောက္ခ
မဟာနာယက ဆရာတော်ကြီး ဘုရားထံ၌ဖြစ်စေ သို့မ
ဟုတ် ဂဏရက္ခိတ အနုနာယက ဆရာတော် နှစ်ပါး
သုံးပါးတို့ အထံ၌ ဖြစ်စေ ပယ်သင့် သည်ကို ပယ်ရန်
ထည့်သင့်သည်ကိုထည့်ရန် အပ်နှံပြသ၍ ထိုဆရာတော်

တို့အထံက အမိန့်ကိုရမှသာ ပ ိန္နိပ်ပြုလုပ် ထုတ်ဆောင်ဝေဌကြရမည်။

(၁၅) မိမိတို့ ဂိုဏ်းအတွင်း၌ တပါးကို တပါးက ကုက္ကုစ္စသံသယရှိသဖြင့် မိမိအထံ ပြောကြားလာလျှင် ဝိနည်းဓရ ဂိုဏ်းဒိုင်တက ပုဂ္ဂိုလ်ကို မေးမြန်းစစ်ဆေးခြင်းမတင် စောဒကဲ့ တဘက်စကား အဝင်ဖြစ်သော ဆောလျင်စွာ ဆုံးဖြတ်ခြင်းကို မပြုကြရ၊ ထိုသို့ပြုလျှင် မိမိ၏ ဝိနိစ္ဆယသည် ဒုဋ္ဌနိစ္ဆယဖြစ်သည့်အပြင် မိမိသည်လည်း ဝိနယဓရ အရာမဝင် စောဒကအဖြစ်၌ပင် တည်နေရ သဖြင့် ဘဏ္ဍန ကလဟ ဝိဝါဒပွါး ခိုက်ရန်များ၍ သံဃာ၏ ကွဲပြားခြင်း ဖြစ်တတ်သည်၊ ထို့ကြောင့် စောဒက ဝိနည်းဓရ တက နှစ်ဦးတို့ထံမှ ခိုင်မြဲသော ပဋိညာဉ်ကိုရ၍ နှစ်ဦး နှစ်ဝ မေးစိစစ်ပြီးမှ ဝိနိစ္ဆယမှု ပြုကြရမည်။ ထိုသို့ပြုကြရာ၌လည်း ကိုယ်တပါးတည်း သဘော အ ရ ဖြင့် ဆုံးဖြတ်ချက်မချဘဲ

ပသိတွာပိ ဧ အာပတ္တိံ၊ အဝတွာဝ ပုနပ္ပုနံ။
ဒိဋ္ဌိသိတွာဝ ဝိညူပဟိ၊ သံသန္ဒိတွာဝ တံဝဒေ။

ဟူသော ပါရာဇိကကဏ် အဋ္ဌကထာ အနုသာသနီ ဂါထာနှင့် ညီစွာ ဆရာတော် နှစ်ပါး သုံးပါး တို့နှင့် တိုင်ပင်နှိုင်းဆ၍သဘောတူမျှအောင် သံသန္ဒနပြုပြီးမှ ဝိမှ

ဝိနယ ကျနမသေချာစွာ ဝိနိစ္ဆယမှုကို ပြုကြရမည်၊ စာဒက ရှတ်ာက ပုဂ္ဂိုလ်တို့ကလည်း ထိုဝိနိစ္ဆယ အတိုင်းကို မငြင်းမဆန်လိုက်နာခံ၍ ကျင့်ကြံကြရမည်။

(၁၄) သံဃာဥပုသ် ပြုလောက်သော သံဃာရှိသော ကျောင်း၌ ဥပုသ်နေ့တိုင်း ပါတိမောက်ပြ၍ သာသနာတော် ဝယ် အလွန် တင့်တယ် ကြည်ညိုဖွယ်ကို ဆောင် တတ်သော သုဓ္ဓမ္မသံဃာဥပုသ်ကို ပြုကြ ရမည်။

န ဘိက္ခဝေ အဘိက္ခုကေ အာဝါသေ ဝဿံ ဝသိတဗ္ဗံ၊ ယော ဝသေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟု ဟောတော်မူအပ်သော ဥပေါသထ ခန္ဓကပါဠိတော်

န ဘိက္ခဝေ အဘိက္ခုကေ အာဝါသေ ဝဿံ ဝသိတဗ္ဗံ ပုရိမိကာယ ပါတိမောက္ခုဒ္ဒေသကေန ဝိနာ ဝဿံ ဥပဂန္တဗ္ဗံ။

ဟု ဖွင့်ပြတော်မူအပ်သော အဋ္ဌကထာ စကား တော်တို့နှင့်ညီစွာ ပါတိမောက်ပြ တတ်သော ရဟန်း နှင့် ကင်း၍ ဝါကပ်ခြင်းကိုမပြုအပ်၊ ဝါကပ်လျှင် ဒုက္ကဋ် အာပတ်သင့်မည်ဖြစ်၍ ပါတိမောက်ကို ရအောင် အား ထုတ်ခြင်း ပြတတ်ခြင်း အမှု၌ အလေးဂရု ပြုကြရမည်။

(၁၇) အနည်းဆုံး တဥတုလျှင် တကြိမ်ကျ အနုနာယက ဆရာတော်တို့က မိမိအုပ်စုပါ ဂိုဏ်းဝင်သဃ်ာတော်များကို စုရုံးဘုန်း၍ ကျောင်းတိုက် တတိုက်လျှင် တလှည့်ကျစီ သုတ္တုဒ္ဒေသ သံဃာဥပုသ်ကို ပြုကြပြီးလျှင် ဓမ္မသာကစ္ဆာမင်္ဂလာ သာသနာတော်ရေး ဝိဒုကကျမ်းဂန်ပညာ သင်ကြားရေးနှင့် စပ်၍ ကြီးပွါးရာ ကြီးပွါးကြောင်းစသည်များကို စည်းဝေးပါ သဃ်ာတော်တို့ သဘောထင်မြင်သည့်အတိုင်း တပါးစီ တပါးစီ ဟောပြောစေပြီးလျှင် ဝိဝါဒ ကလဟာ ပဋိဃ တရားများကို ရှောင်စွန့် ပယ်ရှား၍ အများသဘောတူရာ အချက်များကိုသာ မှတ်ပုံစာတမ်း ပြုလုပ် တင်ထား ကြရမည်၊ အကယ်၍ ကျောင်းကန် အတွင်း၌ မသန့်ရှင်း ချွတ်ယွင်းလစ်မဲ့သော အရာများကို တွေ့မြင်တော် မူခဲ့ပါလျှင် ခန္ဓကဝတ် စသည်တို့နှင့် ညီညွတ်စွာ နေထိုင် ကျင့်သုံးကြရန် ဆုံးမဩဝါဒ ပေးတော် မူခဲ့ကြရမည်။

(၁၈) အခွင့်အခါကို ကြည့်ရှုတော်မူ၍ သဃ်ာဥပုသ်ကြီး ပြုတော် မူကြရန် လောက သာသနာ ခိုင်မာတိုးတက်ရန်အရေး စသည်တို့ကို ဆွေးနွေး တိုင်ပင်ကြရန် တဂိုဏ်းလုံး အတွက် သမဂ္ဂ သံဃ သန္နိပါတ ပွဲကြီး ပြုလုပ်မည့် မြို့ရွာနှင့် နေ့ရက်အချိန်များကို မဟာနာယက ဆရာတော်ကြီးဘုရားက ပိုင်းခြားကန့်သတ်၍အမိန့်အမှာတော် စာ ပေးတော်မူသောအခါ ဂဏရက္ခိတ အနုနာ

ယက ဆရာတော်တို့က တာဝန်ခံ ဝတ္တရား ရှိကြသည့် အားလျော်စွာ မိမိတို့စိရင်စုပါ သင်္ဃာတော် အားလုံးနှင့် ဖြစ်စေ အချို့အဝက်နှင့်ဖြစ်စေ အတူတကွ မပျက်မကွက် ဆက်ဆက် ကြွရောက်တော် မူကြ၍ ယခင် မိမိတို့နယ် မှတ်သားချက် စာတမ်းများကို အစည်း အဝေးပွဲတွင် အသိးသီး တင်ပြကြပြီး သောအခါ ၎င်းတို့အနက် အများ သဘော တူရာမှတ်သားချက်များကို အတည် ပြုဋ္ဌာန်း ပြန်တမ်းထုတ်ဆင့်တော်မူရန် မဟာနာယက ဆရာတော်ကြီး ဘုရားထံ၌ အပ်နှံ့ တင်ထား တော်မူခဲ့ ကြရမည်။

(၁၉) အုပ်စုပါ သင်္ဃာတော်များနှင့်တကွ အနုနာယက ဆရာတော် တို့က သာသနာ တော်ရေး စသော အကြောင်းထူးရှိ၍ဖြစ်စေ သက်သက်သဒ္ဒါ တရားရှိ၍ ဖြစ်စေ မိမိတို့ နယ်ပယ်အတွင်း၌ဖြစ်စေ မဟာ နာယက ဆရာတော်ကြီးဘုရား၏ တိုက်တာအတွင်း၌ဖြစ် စေအနှံ့ ရသံဃာသန္နိပါတ ပြုလုပ်လိုသောအခါ ပြုလုပ်လိုသော နေ့ရက်မှ တလခန့်ကြိုတင်၍ မဟာနာယက ဆရာတော် ကြီး ဘုရားထံသို့ အကြောင်းနှင့် တကွ ရေးသား၍ ပို့ဆက်တင်သွင်းကြရမည့်အပြင် ထိုမဟာနာယက ဆရာ တော်ကြီးဘုရားယံမှ တဖန် အမိန့်တော် ပြန်စာကိုရမှ သာလျှင် ပြုလုပ်ကြရမည်။

(၂၀) မဟာနာယက ဆရာတော်ကြီးဘုရားကဖြစ်စေ မိမိတို့ စိုးပိုင်ရာနယ်အတွင်း အနုနာယက ဆရာတော်တို့ကဖြစ်စေ တစုံတရာသော အကြောင်းထူးဖြင့် ကြွရောက်တော်မူကြရန် ပင့်ဘိတ်ကြား မှာတော်မူသော အခါ ပုဂ္ဂလဓမ္မကို ရှိသေသောအားဖြင့် ကန့်သတ်ချိန်းဆိုသော နေ့ရက်အချိန်တွင်း ကိုယ်တိုင်ကြွရောက်တော်မူကြရမည်။ အကယ်၍ ကိုယ်တိုင်မကြွရောက် နိုင်လောက်သော အကြောင်းအရေးရှိက မိမိတို့၏ ကိုယ်စား တပါးပါးကို ဆန္ဒပေး လျှောက်လွှာနှင့်တကွ စေလွှတ်တော်မူကြရမည်။

(၂၁) ပြည့်တင်းငါးဝါ၊ မာတိကာဒွေး၊ သုတ်လေး ဘာဏဝါရ၊ အဘိဓမ္မလား၊ ခကာဝတ္တု၊ သိုးနုဒေဝါဒနာ၊ ဘာဝနာနှင့်၊ ကမ္မာ ကမ္မ၊ တတ်သိမ်း၊ လွတ်ရနိဿယည်း ဟူသော နိဿယမုတ္တကင်္ဂ အင်္ဂါ ချနစ်ပါးနှင့် မ ပြည့် စုံ သေး သော ရ ဟန်း တို့ သည် နိဿယည်း ဥပဇ္ဈာယ်ကင်း၍ ကျောင်းသိး ကျောင်းပိုင်ကျောင်းထိုင် မပြုကြရ။ ထိုအင်္ဂါချနစ်ပါးနှင့် ပြည့်စုံရုံမျှရှိ၍ နိဿယကင်း ကျောင်းထိုင်ခြင်း ပြုလိုကုန်သော ရဟန်းတို့သည် မိမိတို့ နိုးစပ်ရာ ဆရာတော်တို့ထံ လျှောက်ထား၍ ထိုဆရာတော်တို့ထံမှ အခွင့်ကိုရ ကျောင်းထိုင် ကြသော်လည်း နိဿယည်း ဥပဇ္ဈာယ်ပေး၍ ဖြစ်စေ မပေးဘဲ ဖြစ်စေ တပည့်တပန်း ရဟန်း သာမဏေ မမွေးကြရ၊

အာ ာယ်ကြောင့်နည်းဟူမူ နိဿယည်း ဥပဇ္ဈာယ်ပေး၍ မွေးရပြန်လျှင်လည်း မပေးတန်ပေးသောကြောင့် ပေးရ သောရဟန်းတို့မှာ ဒု ့ နှ်အာပတ်သင့် မပေးဘဲ ထား၍ မွေးလျှင်လည်း နိဿယည်း ဥပဇ္ဈာယ် ကင်းကုန်သော ကြောင့် တပည့်တပန်း ရဟန်းငယ်တို့မှာ ဒုက္ကဋ်အာပတ် သာမဏေတို့မှာ ဒဏ်အပြစ် သင့်ကြကုန်သောကြောင့် တည်း။

(၂၂) ဆယ်ၚ်ဒ္ဂါပြည့်တောင်း၊ ဳဘာင်းနှ်ဓိဖြာ၊ ကမ္ဘာကမ္ဘ၊ ခန္ဓကာမုဒ်၊ နာဗ်ချပ်ဆင်ဆင်၊ တတ်သိဖြင်၊ ငါ့ဒဂင် ကျောင်းဆိုင်ဒိုဲ ဟူသော ပရိသုပဋ္ဌာပကအင်္ဂါနှင့် ပြည့်စုံ၍ ကျောင်းထိုင် လိုကုန်သော ပုဂ္ဂိုလ် တို့သည် နီးစပ်ရာ ဆရာတော်တို့ထံလျှောက်ထား၍ ထိုဆရာတော် တို့ထံမှ အခွင့်ကိုရ ကျောင်းထိုင်ကြသော် နိဿယည်း ဥပဇ္ဈာယ်ပေး၍သာ ဏာပည့်တပန်း ရဟန်းသာမဏေ တို့ ကို မွေးကြရမည်။ ဤအရာ၌

ဒွေ ဳဘာၚ်ဂ် ပရတာ ဝါ္ဂ ကာလမ္ဘာတိ ဆုဒံ
ပနိ္တ္ဓ ဘဝဿန ဒ္ဂဟာဏာဗ္ဂိ ဿန္ဂ ဿရဇ္ဂန္တိ ဝဒန္တိ။

ဟူသော ကာပါဠ်ဖြင့် ဥဘတော ဝိဘင်း ပါဠိတော်ကို နှုတ်တက်ရအောင် မဆောင်နိုင်သော်လည်း အဋ္ဌကထာ နှင့်တကွ သင်ဘူး ကြားဘူးရှိ၍ ပြုချနိုင်လျှင် သံသယကင်း သောအားဖြင့် နိဿယည်း ဥပဇ္ဈာယ်ပေးနိုင်ပြီ။

(၂၃) မိမိတို့၏တပည့်များကို ထိုထိုမြို့ရွာ၌ ကျောင်း ထိုင်စေစား ချထားကုန်သော ဆရာတို့သည်လည်းဘုရား ရှင်၏ မြွက်ကြားတော်ကို ထောက်ထား၍ ဥပဇ္ဈာယ နိဿယ သာသနာဘာရ မပျက်ပြားရအောင် ကြိုးစား စောင့်ရှောက်တော်မူကြကုန်၍ နိဿယမှုနက ဗဟုဿုတဂုဏ်အင် မစုံလင်သောသူကို ကျောင်းထိုင် စေစား မချထားမိကြရအောင် ထိုနိဿယ ဗဟုဿုတ ဂုဏ် ပြည့်စုံရုံမျှ ငါးဝါကစ ကိုးဝါရပုဂ္ဂိုလ်များကို ကျောင်း ထိုင်စေစား ချထားခဲ့လျှင် တပည့်တပန်း ရဟန်း သာမ ဏေ မပွေးစေရအောင် ဆယ်ဝါရ ဆယ်ဝါကျော်၍ ပရိသုပဋ္ဌာပက ဗဟုဿုတ ပြည့် ၀ ဂုဏ် ပေါ်သော ပုဂ္ဂိုလ်များကို ကျောင်းထိုင်စေစား ချထားရလျှင် နိဿ ယည်း ဥပဇ္ဈာယ်ပေး၍သာလျှင် တပည့်တပန်း ရဟန်း သာမဏေပွေးမြူကြစေရအောင် ဆတိ အလေး ဆောင်၍ ပြောဆိုဆုံးမကြရမည်။

(၂၄) နိဿယည်း ဥပဇ္ဈာယ် ယူပုံ ပေးပုံ တည်ပုံ ပျက်ပုံအလုံးစုံကို အကုန်အစင် သိမြင် တတ်မြောက် စေ ကြရမည်။

(၂၅) ဝေဝဏ္ဏိယမှိ အဇ္ဈုပဂတောတိ

ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

ဟူသောပါဠိတော်အရ အိမ်ရာတည်ထောင်၍ နေကြ ကုန်သော ဂဟဋ္ဌဖြစ်သူ လူတို့နှင့်မတူကွဲပြား ထူးခြား

သော ကိုယ်သဏ္ဍာန်ရှိရာ ကိုယ်တော်မြတ် သာသနာ တော်သို့ ချည်းကပ်နေထိုင် ကြသည့် အားလျော်စွာ ယခု ကာလ ဇဝံဆန္ဒ ဇဝံအဓိပ္ပါယ ကာမဘောဂီ ဖြစ်ကုန် သောလူတို့သည့် အတင့်အတယ် အသွယ်အရာ ပြုလုပ် သုံးဆောင် အပ်ကုန်သော အထည် အဝတ်မျိုး အသုံး အဆောင် မျိုးတို့ကို ရှောင်ကြဉ် ပယ်ရှား ကြကုန်လျက် သံလေခပင့်ပဒါ သိက္ခာကာမ ဝိနယဝါဒီ လဇ္ဇီ နှင်နှင် ရှေးရှေး အရှင်ကောင်း သခင်ကောင်းတို့ ကဲ့သို့ တရား ကျင့် ယူ သူ တော် ကောင်း ရဟန်း သဃ်ာတို့၏ တံခွန် သဘွယ်ဖြစ်ကုန်သောအရာတို့ကိုသာလျှင် သုံးစွဲဝတ်ရုံကြ ရမည်။

(၂၄) သုဘာသုဘာ သွမ်းခံခြင်း စသော ကိစ္စတို့၌မိမိ ကိုကိုယ်တိုင် မချီးမြှောက်နိုင်သောအခါ ဖူးမြင် ပူဇော် သူတို့ အကြည်ညို ပျက်ကြစရာ သဒ္ဓါအသစ် မဖြစ်ပွား ကြစရာ ဖြစ်ကုန်သော ရဟန်း ရှင်လယ် ကျောင်းသား ငယ်များကိုသာ အလှူမထွာပ် ဇရပ် တန်ဆောင်းစသည် တို့သို့ မစေလွှတ်ကြဘဲ ဝိနည်းအရာ လိမ်မာ သေသပ် ပြောဆို နေထိုင်တတ်သော ရဟန်း စ သည် တို့ ကို သာ စေလွှတ်ကြရမည်။

(၂၅) ဒါယကာ ဒါယိကာမတို့နှင့် စကား နှီးနှော ပြောပောခေါ်ဆိုသောအခါ အသုဒ္ဓစိတ်ဖြင့် မိမိကိုယ်

ကို နှိမ့်ချ၍ ကျွန်တော် ကျွန်ုပ် ဟုတ်ကဲ့ ဖျို ဗျာ စသော သမဏသာရုပ္ပ မဖြစ်သောစကားမျိုးကို တပည့် တပန်း ရဟန်းသာမဏေတို့ကို သော်လည်း မပြော မဆို မိစေရ အောင် သတိဆောင်၍ ဆုံးမကြရမည်။

(၂၈) ရဟန်းသာမဏေတို့အား ကျွန်ဆိုစကားပြော ကြားခြင်းဌာ မအပ်မသင့် ရာသောကြောင့် မိမိစကား ကို သူတပါးတို့ ယုံစေလို၍ ဘုရားဗူးပါစေ့ ကျမ်းဗူးပါ စေ့ သေရပါစေ့ စသဖြင့် ကျိန်ဆိုစကား မပြော ကြားမိ ရအောင် သတိဆောင်ကြရမည်။

(၂၉) လဇ္ဇီသီလဝန္တ သိက္ခာကာမပုဂ္ဂိုလ်တို့ သံသယ ကုက္ကုစ္စ ရှိလောက်သော ဆိုးရည်ဖြင့် ဟပ်စွမ်းသော ဂျပန်ထည် ပော်လန်ထည် ပိတ်နီသင်္ကန်း နန္ဒင်းရည် မကောင်းသော ပိုးထည် သင်္ကန်း ယ္ခုကာလ ပေါ်သော ကုလားတိုင်းဖြစ် ဆေးရည်ဖြင့် ဆိုးအပ်ကုန်သော သင်္ကန်းတို့ကို ဝတ်ရုံခြင်း၌ ရှောင်ကြဉ်ကြကုန်၍ ဗုဒ္ဓါရိန္ဒြေ ရရသာ ဝတ်ရုံသုံးဆောင်ကြရမည်။

(၃၀) ဘုန်းကြီးပြန်ပွဲ ဘုရားပွဲအရေး သူ့ရေး ဒါန်းရေး စသော ကိစ္စအမှု တခုခု ရှိသောအခါ သာသနာတော် ကြီး ပျက်စီးပျောက်ကွယ်ကြောင်း ဖြစ်မည့် ကိုလည်း မထောက်ထား ရဟန်း များကိုလည်း အားမနာသဖြင့် အချို့သော ရပ်ရွာ၌ အချို့သော ဒါယကာတို့သည် ဇာဏ္ဍြေ

မရှင့်ကျက်သေးကုန်သော ရဟန်း သာမဏေ ငယ်တို့၏ သိလပျက်ကြောင်းဖြစ်ကုန်သော ဇာတ် ရုပ်သေး ယိမ်း အငြိမ့်စသောအကအခုန်မျိုး ဆိုင်း ဗုံ ကြေးနှင်း ခွက်ခွင်း စည် ပျော တယော ပင့် ရား စသော အတီးအမှုတ်မျိုး တို့ကို ကျောင်းအာရာမ်အတွင်း၌ ခင်ကျင်းပြသ ပြုလုပ် တတ်ကြသည်၊ ထိုသို့ပြုလုပ်ကြသည်များကို တရားသဖြင့် ပဟာပြောပြသ ဆုံးမတားမြစ်ကြရမည်။ အကယ်၍တား မြစ်မရ ပြုလုပ်ကြခဲ့လျှင် ထိုပြုလုပ်သူ ဒါယကာတို့၌ ဒေါသအမျက် မထွက်မရှ သည်းခံကြပြီးလျှင်

အာပဏ္ဏနိဒ္ဒါ ဗိဟာရေ ပုဗ္ဗိ၊
ဥဒ္ဒမ္ဘိတွာ ဂန္ထတော။

ဟူသောဝိနည်းပါဠိ အရကာသာနှင့်ညီစွာ ကျောင်းအာရာမ် တွင်းမှာပင်ဖြစ်သော်လည်း နေမြဲတိုင်းနေ၍ နေရာမှထ၍ ထိုဒါယကာတို့ ကျင်းပပြုလုပ်အပ်သော တီးမှုတ်ကခုန်ရာ နေရာသို့ သွားရောက်ကြည့်ရှုနားထောင်ခြင်းကို မပြုကြရ။

(၁၁) ရဟန်း သာမဏေတို့သည် ကိစ္စမဟုတ် ကိစ္စ လုပ်လျက် ဈေးဆိုင်တန်းများ တိုက်ကြီးများသို့ သွားရောက် သက်သက် လှည့်လည် ကြည့်ရှုကြခြင်း ဒါယကာတို့ တစုံတရာသော ဝတ္ထုကို လှူလိုသော အခါ ကိုယ်တိုင် လိုက်ပါ၍ ကပ္ပိယကာရကမကင်း ဈေးဆစ် ဝယ် ခြမ်းခြင်းကို မပြုကြရ။ ဆရာကိုး သံဃကိုးဖြင့် တန်

တခါ မလွဲသာ၍ လိုက်ပါသွားရောက် ရေ လျှင် လည်း နားလည့်ရေးရာလိမ်မာသော ကပ္ပိယနှင့်သွား၍အလိုရှိရာ ဝတ္ထုကိုကြည့်ရှု ပြသပြီးလျှင် ကယပိက္ကယ ဒုက္ကဋာရဏ မဖြစ်လေရအောင် သတိဆောင်၍နေကြရမည်။

(၂၃) န ဘိက္ခဝေ ဝစ္စံ ကတွာ
သတိ ဥဒကေ အာစမေတဗ္ဗံ၊
ယော န အာစမေယျ၊
အာပတ္တိ ဒုက္ကဋဿ။

ဟူသော ပါဠိတော်နှင့် အညီ ရေရှိလျက် သန့်သက်ရေ မဆေးလျှင် ဒုက္ကဋ်အာပတ်သင့်သည်ဖြစ်၍ သတော်စသည် ဖြင့် ခရီးသွားသောအခါ သန့်သက်ရေသုံးစရာ သန့်သက် ခွက်ကို ဆောင်၍ သွားကြရမည်။ တခုံတခါ သန့်သက် ခွက်မပါလျှင်

ဘာဇနေ အသတိ
ပစ္စာနေ ပိ နိဟာရိတဗ္ဗံ၊

ဟူသော အဋ္ဌကထာနှင့်ညီစွာ သန့်သက်ခွက် မရှိလျှင် သပိတ်ဖြင့်ပင် ဆောင်ရမည်ဖြစ်၍ တစုံတရာ မှိမိန္ဒ ပါသော ခွက်စသည်ဖြင့်သော်၎င်း သန့်သက်ရေ သုံးခြင်း ကိုပြုကြရမည်။

(၃၃) နဘိက္ခဝေ အပရိဿာဝနေန
အဒ္ဓါနော ပဋိပဇ္ဇိတဗ္ဗော၊
ယော ပဋိပဇ္ဇေယျ၊
အာပတ္တိ ဒုက္ကဋဿ။

ဟူသော ပါဠိတော်နှင့်ညီစွာ မြန်မာတို့ သင်္ကေတ အား ဖြင့် သုံးတိုင်နှင့် ခုနစ်တောင်တာ နှစ်ရာ အင်္ဂလိပ် သင်္ကေတအားဖြင့် ၆ မိုင် ၃ ဖါလုံခန့် ဝေးကွာသော ယူဇနာဝက်ခရီးသို့ သွားသောအခါ ရေစစ်ကို ဖြစ်စေ ဓမကရိုဏ်ကိုဖြစ်စေ ဆောင်ယူ၍သွားကြရမည်။

(၃၄) ပိုးရှိသောရေကို ပိုးရှိမှန်းသိလျက် မသောက် အပ် မသုံးဆောင်အပ်သောကြောင့်ရင်း တွင်းရေကန်ရေ တို့၌ ပိုးကင်းလွတ်နိုင် ခဲသောကြောင့်ရင်း ရေကို စစ်၍ သောက်ကြ ချိုးကြရမည်၊ ရေတိုင်း၌ပင် မြူမကင်း တတ် နိုင်သောကြောင့် ပိုးမရှိသောရေကိုပင်မြူကင်းစင်အောင် စစ်၍ ဖြစ်စေ အကာပ်ခံ၍ဖြစ်စေ သောက်ကြရမည်။

(၃၅) ခရီးသွားသောအခါ ရွာလယ်ခရီးကိုမဂ္ဂသညာ ဖြင့် နေ့သွဲ့ရွာဝင်မပန် သင်္ကန်းမရုံ ခါးပန်းမဖွဲ့ဘဲ သွားအပ် သော အရာသာကျမ်းဂန်၌ လာသည်၊ မဂ္ဂသညာဖြင့်ဘိနပ် စီးနင်း၍ရွာတွင်းသို့ သွားအပ်၏ ဟူသောဝိနည်းကျမ်းဂန် မရှိ၊ ထို့ကြောင့် ပြောပလောက်သော ဂေလည 'အ ကြောင်းမရှိဘဲ ရွာဥပစာ အဘွင်းသို့ ဘိနပ်စီးနင်း၍

မဝင်ကြရ၊ အကာ အရံရှိလျှင် အကာအရံ၏ ပြင်ပ၌ အကာအရံမရှိလျှင် ဂါမူပစာရထိုက်ရာ ဒုစ္စန်အိမ်မှ ခဲနှစ်ကျ၏ ပြင်ပ၌ ဘိနပ်ကို ချွတ်ကြရမည်။

(၃၆) အကြောင်းမှ ထီးဆောင်းခြင်းကို

အနုဇာနာမိ ဘိက္ခဝေ အဂိလာနဿာပိ
အာရာမေ အာရာမူပစာရေ ဆတ္တံ ဓာရေတုံ။

ဟု ကျောင်းအာရာမ် ဥပစာ အတွင်း၌သာ ခွင့်ပြုတော်မူအပ်သောကြောင့်ကျောင်းအာရာမ်ဥပစာမှပြင်ပသို့ရောက်လျှင် တော၌ ဖြစ်စေ ရွာ၌ ဖြစ်စေ နေ ပူ၊ မိုးရွာ၊ သစ်ကျ ကား၊ သုံး ဖြာ ထီး ဆောင်း ဘို့ ဟူသော အကြောင်းသုံးပါးတွင် တပါးပါးမရှိက ထီးဆောင်းခြင်းကို မပြုရ၊ ပူပြင်းလှစွာသော အခါဖြစ်မူ ခွင့်ပြုတော်မူအပ်သော ထန်းရွက် ပေရွက် ဖလူရွက် စသော သစ်ရွက်ထီးကိုသာ အာရာမ်တွင်း အာရာမ်ပ မဟူ ခပ်သိမ်းသောအရပ်၌ အခါခပ်သိမ်း ဆောင်းကြရမည်၊ ယာဉ်နှင့် ကင်း၍ မသွားနိုင်လောက်အောင် ပြောပစရာ အနာဟူသော အကြောင်း မရှိဘဲ လှည်း ထမ်းစင် လက်ငင် လက်တွန်းရထား မြင်း နွားစသည် ကသော ရထားဟူသော ယာဉ်တို့ကို စီးနင်း၍ သွား ခြင်း ကို ရှောင်ကြရမည်။ (ဆိုက်ကားသည် ဤပုဒ်မ၌ အကျုံးဝင်၏ဟု သိ)။

(၃၇)

န တွေဝါဟံ ဘိက္ခဝေ
ကေနစိ ပရိယာယေန
ဇာတရူပ ရဇတံ သာဒိတဗ္ဗံ
ပရိယေသိ တဗ္ဗန္တိ ဝဒါမိ။

ဟူသော ပါဠိတော်နှင့်ညီစွာ ရွှေ ငွေကို ခံနိုင်ကြောင်း ပရိယာယ်အစုံတရ ခွင့်ပြုတော် မူအပ်သော အရာမရှိသောကြောင့် ရွှေ ငွေ ဒင်္ဂါး မတ်ပြား မူးစေ့ ရောင်းဝယ်ခြင်း၌ အသုံးရောက်သော ကျောက် ကြေး ခဲ သံ ဒန် စသည်ဖြင့် ပြီးသောပိုက်ဆံ ငွေစက္ကူ အကပ္ပိယဟူသမျှကို ဒါယကာ ကိုယ်တိုင် လှူဒါန်းသောအခါ ဖြစ်စေ ငွေလွှဲလက်မှတ်ဖြင့် တနည်း သူတပါးကို စေခိုင်း လှူဒါန်းသော အခါ ဖြစ်စေ ကိုယ်နှုတ်ဖြင့် မပယ်ဘဲ ကျောင်းသား ကပ္ပိယာစသည်ကိုခေါ်၍ ဤသူအားပေးခဲ့ ယူ လိုက် သိမ်း ထား လိုက် ဤမှာ ထား စသည်ဖြင့် ပြောဆို၍ မျှလည်း အလှူမခံကြရ မခံစေကြရ၊ အကယ်၍ အလှူ ဒါယကာ လိမ်မာ နားလည်၍ ကပ္ပိယ အထံ၌ ကပ္ပိယ ပစ္စည်း ကို ခံယူတော် မူပါ ဟု လျှောက်ထား လျှင် ကပ္ပိယအထံမှ ကပ္ပိယပစ္စည်းကိုသာ သာယာခံယူ ကြရမည်။

နိဿဂ္ဂိယဝတ္ထုံ အတ္တနော ဝါ သံဃ ဂဏ ပုဂ္ဂလ စေတိယာနံ ဝါ အတ္ထာယ သမ္ပဋိစ္ဆိတုံ န ဝဋ္ဋတိ။

ဘဏ္ဍဲဒှ် ဘဏ္ဍာယ သမ္ပဒိက္ဍ ဗောဲသၚ်ယံ ပါဒိဥ္ဍယံ ဗော်တိ။ ဗေသေအံ ဘဏ္ဍာယ ဒုက္ခရိ။ ဒုက္ခရာဍာံ သဗ္ဗသံဗိ ဘဏ္ဍာယ သမ္ဗဒိက္ဍ ဗော ဒုက္ခရဗေမ ။ ကပ္ပိယဘဏ္ဍ ဗေနာဗ္ဗဏ္ဍိ။ သဗ္ဗဗိ မိဂ္ဂ ပနဍာယ ဘဏ္ဍာဂါဒိက သီဗေသနု သမ္ပဒိက္ဍဗော ဥပဒိ ဓတနုသိက္ခာပဒေ ဘာဂတာဗေသနု ပါဒိဥ္ဍယံ။ ရူပိယသိက္ခာပဒ။

ဤအရာ၌ အလှူရှင်သည် ဆွမ်းငွေကို အရှင်ဘုရားအား လှူပါ၏ဟူ၍၎င်း အရှင်ဘုရား အလိုရှိရာ သုံးဆောင် တော်မူပါဟူ၍၎င်း ဤဆွမ်းငွေသည် အရှင်ဘုရားအား ဖြစ်ပါစေလော့ဟူ၍၎င်း ဆို၍လှူလျှင် ရဟန်းတော်တို့ အား မအပ်ကြောင်း။ ဤဆွမ်းငွေဖြင့် ဤမည်သော အရှင်အား ကပ္ပိယပစ္စည်းများကိုလှူပါဟု ကပ္ပိယဒါယ ကာအား အပ်နှံမှာကြား၍ တဖန် ရဟန်းသံဃာတော် အားလည်း ကပ္ပိယပစ္စည်းများကို ဤမည်သောကပ္ပိယ ဒါယကာထံ တောင်းခံတော်မူပါဟု လျှောက်ထား လှူဒါန်းလျှင် အပ်ကြောင်း။

တနည်းမှာ၊ စေတီတော် ပြင်ဆင်ပြုလုပ်ရန် ဖြစ် က စေတီတော်အားလှူပါ၏။ ကျောင်းပြင်ဆင်ပြုလုပ် ရန်ဖြစ်က ကျောင်းအား လှူပါ၏။ သံဃာတော်အား ရည်မှတ် သည် ဖြစ်က နဝကမ္မအား လှူပါ၏ ဟုဆို၍

လှူလျှင်လည်း ရဟန်းတို့အား အပ်ကြောင်း စသည့်တို့ကို အလှူရှင်ဒါယကာတို့ တတ်သိနားလည်၍ လှူဒါန်းက အပ်သောနည်းဖြင့် ပြောဆိုသုံးစွဲလျှင် အပြစ်ကင်းလေရကား ခေတ်ကာလ အလျောက် ရွှေငွေနှင့် စပ်လျက် အလှူအဒါန်းများ၌ တွေ့ကြုံတတ်ကြသည်ဖြစ်၍ ထိုအပ်သော လှူပုံလှူနည်း ဓမ္မကမ္မာ သာသနာတော်ကြီးကို ဒါယကာ ဒါယိကာမ အပေါင်းတို့ အပေါ်၌ ထွန်းကား ပေါ်လွင်အောင် သင်ကြား ဟောပြော၍ ပေးကြရန် အထူးသတိထား သင့်ကြလှပေသည်။

သန္တိ ဘိက္ခဝေ မနုဿာ သဒ္ဓါ ပသန္နာ၊ တေ ကပ္ပိယကာရကာနံ ဟတ္ထေ ဟိရညံ ဥပနိက္ခိပန္တိ၊ ဣမိနာ အယျဿ ယံ ကပ္ပိယံ တံ ဒေထာတိ၊ အနုဇာနာမိ ဘိက္ခဝေ ယံ တတော ကပ္ပိယံ၊ တံ သာဒိတုံ။

နတွေဝါဟံ ဘိက္ခဝေ ကေနစိ ပရိယာယေန ဇာတရူပရဇတံ သာဒိတဗ္ဗံ ပရိယေသိတဗ္ဗန္တိ ဝဒါမိ။

မဟာဝါ ပါဠိတော်။

သစေ ပန သံဃံ ဝါ ဂဏံ ဝါ ပုဂ္ဂလံ ဝါ အနာမသိတွာ ဣဒံ ဟိရညသုဝဏ္ဏံ စေတိယဿ ဒေမ။ ဝိဟာရဿ ဒေမ။ နဝကမ္မဿ ဒေမာတိ ဝဒန္တိ၊ ပဋိက္ခိပိတုံ န ဝဋ္ဋတိ၊ ဣမေ ဣဒံ ဘဏန္တီတိ ကပ္ပိယကာရကာနံ အာစိက္ခိတဗ္ဗံ။ စေတိယာဒီနံ အတ္ထာယ တုမှေ ဂဟေတွာ ဌပေထာတိ ဝတ္တေ ပန အမှာကံ

ဂဟေတဲ့ နဝဋ္ဌတ် ပဋိကုဋ္ဌ ပိတဥ္ဓ ။ ။ ရာဇ သိက္ခာပုဒ်အဖွင့်ကထာ။

(၃၈) ဂေလညအကြောင်းမရှိဘဲ နေ့လွဲအခါ ကွမ်းဆေး စသော ယာဝဇီဝကဝတ္ထု စတုမဓု စသော သတ္တာဟကာလိက တို့ကို စား သောက် ခြင်း ဂေလည အကြောင်း ပဲပါသ အကြောင်း မရှိဘဲ နေ့လွဲအခါ အဖျော် ရှာလပတ် ဗိလပ်ရည် စသော ယာမကာလိက ဝတ္ထုကို သောက်ခြင်း ရွှေဖြစ် ငွေဖြစ်အတတ် အင်္ဂရတ်ထိုးခြင်း ရိက္ခာပြတ် အာဂန္တု ဘိက္ခုနိသိတ ဝေယျာဝစ္စကရမှ တပါး ဉာတိမစပ်သော သူတို့အား ပန်းသစ်သီး ပေးခြင်း စသော ဘုဒ္ဓေသနှ အမှုကို ပြုခြင်း ဗေဒင်ဟောခြင်း ဆေးကုခြင်း အကြမ်းအနုကိုင် အင်းအိုင် ခါးလှည့် လက်ဖွဲ့ မန္တာန် စီရင်ခြင်း ရွှေငွေဖလယ် ရောင်းဝယ်ခြင်း ကပ္ပိယဝတ္ထုအချင်းချင်း လူတို့နှင့် လဲလှယ်ခြင်း ဉာတ်ပဝါရိတ မဟုတ်သော သူတို့၌ ဝိညတ်မကင်း တောင်း ဆိုခြင်း လှည်း နွားမွေးခြင်း ငွေတိုးချခြင်း လယ်ယာဝယ်ထား အငှားချစားခြင်းဟူသော အလဇ္ဇီ အမှုမျိုးကို ဘုရားသားကောင်း ဝိနီ မပြုမိကြရအောင် သတိဆောင်၍ ကြဉ်ရှောင်ကြရမည်။

(၃၉) ဥပုသ် ပဝါရဏာ ရဟန်းခံ သိမ်သမုတ် စသော ဝိနည်းကံပြုရာ သဃာ အစည်းအဝေး ရံဘန်

ကြိုးကြား ပြုလုပ်အပ်သော အန္တရာယ်ရှိသည်ဟူသော သင်္ကန်း အစည်းအဝေးဖြစ်ရာသို့ အညီအညွတ် ရောက်လာကြ၍ သင်္ကန်းဘောင်၌ ဒူးထောင် ပေါင်ကား နေထိုင်ခြင်း တစောင်း ပက်လက် မှောက်လျက် ဝပ်စင်း တုံးလုံးပိုက်မည်း အိပ်နေခြင်း ပခုံးနှစ်ဘက်ကို ရုံခြင်း ဖွင့်ခြင်း ဦးခေါင်းခြုံခြင်း ပါဠိ ကာရက ရဟန်း၏ ရုံခြင်း ကဲ့သို့ လက်ဝဲလက်ရုံး ပခုံးနံပါးကို ဖော်လျက် သင်္ကန်းကို ရုံခြင်း လက်အာယောဂပတ် ပုဆိုး အာယောဂပတ် ဖွဲ့လျက်လျက် နေထိုင်ခြင်း စသော ကာယိက အနာစာရ သေးနုပ် သိမ်ငယ် ရယ်ဘွယ် စကားကို ပြောကြား တဟားဟားနေခြင်း သူတပါး ငါတခြား စကားပြော များခြင်း စသော ဝါစသိကအနာစာရ အဂါရဝမှုများကိုပယ်ရှားရှောင်ကြဉ်၍ပရိယတ်ပဋိပတ် ဓာတ် ဝဋ္ဋ သက်သေ သံဝေဂ ဝိရာဂ ဖြစ်ကြောင်း ဖြစ်ကုန်သော စကားတို့ကိုသာ ပြောဟောဖြေကြားကုန် လျက်ထေရ်စဉ်အလိုက်နေထိုင် နေသင့်သောနေရာ၌ ငြိမ် သက်ဘွယ်ရာစွာ ဂါရဝတရားဖြင့်သာ နေထိုင်ကြရမည်။

(၄၀) ဘုရားဝတ်တက် ပျက်ကွက် လောက်အောင် ဂေလည နဝကမ္မစသော အကြောင်းတစုံ တရာ မရှိ လျှင် နေ့စဉ် မပြတ် ညဉ့်ဦး ယာမ်၌ တပည့် တပန်း ရဟန်းသာမဏေ ကျောင်းသား သူငယ် တို့နှင့် တကွ ဝတ်တက်ကြပြီးလျှင် ပို့ချသင့်သော ညဝါစာ များကို

ပို့ချ ရဟန်းသာမဏေတို့ ဆိုသင့်သော ဤဝါစာများ ဆိုစေ ရပြီးသောစာများကို ဆယ်နာရီအောက် မနည်း အံပြန်သရဇ္ဈာယ်ပြီးသောအခါ လေးပုန်သော ပဋ္ဌာန်ဝေ ဘာကို ဆင်ခြင် ကြပြီး နောက် မိမိတို့ နှစ် သက် ရာ တပါးပါးသော ဘာဝနာကို လေ့လာရှုမြင် ဆင်ခြင် သုံးသပ်ပြီးမှ အိပ်ကြရမည်။

နေ့အခါ၌ တပည့်တပန်း ရဟန်း သာမဏေ တို့ကို ပိဋကတ်ကျမ်းဂန်၌ အခြေရရ တတ်မြောက် ကြအောင် ပို့ချ၍ပေးကြရမည်၊ မိမိတို့မပို့ချနိုင်လျှင် ပို့ချနိုင်သော ဆရာထံသို့ ပို့သအပ်နှ၍ သင်ကြားကြစေရမည်၊

မိမိတို့နယ်အတွင်း စာသင်တိုက် ကြီးများ တိုးပွား စည်ကားအောင် ကြိုးစားအားထုတ်ကြရမည်၊ ကျောင်း သားသူငယ်တို့လည်း အချင်းချင်း ခိုက်ရန် ဖြစ်ပွားခြင်း ဆဲရေးတိုင်းထွာခြင်း တယောက်ပစ္စည်းကို တယောက် ခိုးဖက်ခြင်း ကျယ်လောင် ကြမ်းတမ်းစွာ စကားပြော ခြင်း ပြေးလွှားခုန်ပျံ တည်ညံ့ကစားခြင်း ကြီးသောသူက ငယ်သောသူကိုဘိစီးနှိပ်စက်ခြင်း လုယက်၍စားသောက် ခြင်း ကြမ်းကို ပြင်းစွာနင်းခြင်း စသောကြမ်းတမ်းသော ကိုယ်အမှု နှုတ်အမှုတို့ကို မပြုရအောင် တရားသဖြင့် တားမြစ်၍ သွားလာစားသောက် ပြောဆို နေထိုင်ခြင်းတို့ ၌ သိမ်မွေ့နူးညံ့ ယဉ်ကျေးခြင်းရှိအောင် ရဟန်း သဃာ

ဆရာသမားတို့ထံ ဆည်းကပ်သော အရာ ဝတ်ကြီး ဝတ်ငယ်ပြုသောအရာတို့၌ နားလည်လိမ်မာ ရေးရာခြင်း ရှိအောင် ဖနေ့စဉ်အိမ်သို့ ရောက်သော အခါ မိဘ ဘိုးဘွား အစ်ကိုကြီး အစ်မကြီးများကို ရိုသေကြနိုင်အောင် စာရေး စာဘတ် စသော ပညာများကို တတ်မြောက်လွယ်အောင် ဟောပြောဆုံးမ ပြသသွန်သင်ကြရမည်။

အကယ်၍ ရှင်သာမဏေ ပြုလုပ်ရန် ခွင့်ပန်လျှောက်ထားသည်ဖြစ်က သရဏဂုံကို သန့်ရှင်းပီသစွာ ဆောက်တည်တတ်ပါမှ သာ မ ဏေ ဖြစ် နိုင် မည် တ ကြောင်း သာမဏေဖြစ်ကလည်း ပစ္စဝေက္ခဏာ လိင်ဒဏ် စသည်ကို သိ ၍ ကျင့် သုံး တတ် ပါ မှ ကိုယ် ကျိုး မ နည်း မည် တကြောင်းများကြောင့် ၎င်းတို့ကို ကျနစွာ သင် ကြား ပြသ တတ်မြောက်စေပြီးမှသာလျှင် ရှင်သာမဏေ ပြု၍ ပေးကြရမည်။သာသနာတော်၌ ခင်မင်၍ ရဟန်းကောင်း ရှင်ကောင်း ဖြစ်ချင်သောစိတ် ဝင်အောင်လည်း ကာမာဒီနဝသုတ် အဘိဏှသုတ် စသည်တို့ကို နှုတ်တက်ကျက်စေ၍ ရံဘန်ကြိုးစား တရားပြသ ဟောကြား ကြရမည်။ အဆုံးမကို မနာခံ ခက်ထန် ကြမ်းကြုတ်သော တပည့်များဖြစ်လျှင် သာယာအေးမြ ဖြောင်းဖျ ပြောဆို၍ ၎င်းတို့ သွားလိုရာအရပ်သို့ သွားကြရန် ခွင့်ပြုလိုက်ကြရမည်။

(၄၁) ဒါယကာတို့ ရဟန်းသင်္ဃာတို့အား ကျောင်းကန်ဆောက်လုပ် ကိုးကွယ်ဆည်းကပ် မပြတ်ပေးလှူကြ

ခြင်း သည့် ယာခ ပစ္စက္ခဒွိ လယ်ယာ မိုးယ်း မြေ စ သော အာမိသတို့ကို လိုချင်တောင့်တ၍ ကိုးကွယ် ဆည်းကပ် မပြုတ် ပေးလှူ ကြခြင်း မဟုတ်ပေ၊ စင် စစ် သော် ကား မနုဿ ဒေဝ နိဗ္ဗာန ဟူသော သမ္ပတ္တိ သုံးပါး ကိုသာ လိုလားတောင့်တ၍ ကိုးကွယ်ဆည်းကပ် မပြတ်ပေးလှူ ကြခြင်း ဖြစ်ကြပေသည်။ ထို့ကြောင့် ဒါယကာတို့သည်အပ် သောဆွမ်းကို အပစာယန ပြုတော်မူကြကုန်သော မဟာ မိတ္တစသော မထေရ်တို့၏ ထုံးနည်းအလား မိမိ၏ အကျိုး စီးပွား ဒါယကာတို့၏ အကျိုး စီးပွား အလို့ငှာ ပါတိ မောက္ခ စသည်လေးပါး သီလများကို ပြောက် ကြား မထင် ပြုစင်အောင် ဖြည့်ကျင့်ကြရမည်အပြင်

ပါပါ ဒို့ဝ်ါဍုဏာံဒဒ၁း
ကသုဒ္ဒဒာ ဒိုဝ်ဝသနိုံ။
ကလုဒ္ဒဒာနိုံ အနုကမ္ပုံ၊
အသုတံ သဝဝနိုံ သုဘံ၊
ပဍိုဒဃဒဒါပနိုံ မဂ္ဂံ၊
ဗိက္ခုဏာံ သဃဏာဿ သ။ ။

ဟူသောဂါထာနှင့်ညီစွာ ဒါယကာတို့၌ရဟန်းတို့ကျင့် အပ်ကုန်သော မကောင်းမြစ်တာ၊ ကောင်းဆုံကိုသစ်၊ အသစ်ဟောကျူးနုဘုံထဝ်မံ၊ နုဘ်ထံဘင်ချ၊ မဂ္ဂါ လည်းပြု၊ ရဟန်းမှု၊ ခြောက်ခုလွှမ်းသေချာ ဟူသော

ဝတ္တရားခြောက်ပါးတို့နှင့် ပြည့်စုံအောင် ဒါယကာတို့၌ ကျင့်ကြရမည်။ ဒါယကာတို့ သဒ္ဓါတရားကို ပျက်ပြားစေတတ်သော ရှစ်ပါးသော ကုလဒူသန ၂၁ ပါးသော အနေသန သဟသောကီ သဟနန္ဒီ၊ သုခိတေ သုခိတော၊ ဒုက္ခိတေ ဒုက္ခိတော ဟူသော မအပ်သော အားဖြင့် လူတို့နှင့် ရောနှော ယှက်တင် ကျွမ်းဝင် လိုက်လျော၍ လောကဝတ်ပျူငှါ ပြု ခြင်း ဟူသော အနနုလောမိက ဂိဟိသံသဂ္ဂ အမှုမျိုးကို မပြုမိကြရေအောင် သတိဆောင်ကြရမည်။

(၁) ဓိဇီဝိတံ အသညတဿ၊
တဿ သမဏာနုဝေသဓာရိဿ။
အဿမဏဿ ဥပဟာတံ၊
ခတမဏ္ဍာ နံဝ ဟဉ္ဉဿ။

(၂) ဂူထံ ဝိယ ကုဏပံ ဝိယ၊
မဏ္ဍနကာမာ ဝိဝဇ္ဇယန္တိ ယေံနာမ။
သီလဝန္တော သန္တော ကထံ ဇီဝိတံ တဿ။

(၃) သဗ္ဗဘယေဟိ အမုတ္တော၊
မုတ္တော သဗ္ဗေဟိ အဓိဂမသုခေဟိ။
သုပိဟိတ သဂ္ဂဒွါရော၊
အပါယ မဂ္ဂံ သမာရုဠှော။

(၄) ဘရာကာသ ခဏ္ဍုဘုခဘာ၊
ဘာခရုအိကာ ဓနုသနုခမ ကော ဘခညာ၊
ဒုသီဘသဘမာ ဒုသီဘသဘာသ၊
ဣရုဘိ ဗဟုဒိခဘိခေါ်သာဘာ။

အသညတဿ၊ နှလုံးကိုယ်နှုတ် မထိန်းအုပ်သော၊ အသမာဟိ သ၊ ရဟန်းကောင်း မဟုတ်ဘဲလျက်၊ ဝါ၊ ရဟန်းတု ရဟန်းယောင် ဖြစ်လျက်၊ သမဏဇနဝေသဓာရိဿ၊ ရဟန်းကောင်း အပေါင်း၏ ရုပ်ဟန်ပြင်ဆင် အသွင်ကို ဆောင်သော၊ အဏ္ဏာခနံဝ၊ မိမိကိုယ်ကို ပင်လျှင်၊ ဟန္တဿ၊ နှိပ်စက် ညှင်းဆဲသော၊ တဿဒုဿီလဿ၊ ထိုအလင်္ဂီဒုဿီလ၏၊ ဥပဟတံ၊ သီလကိုဖျက် မိမိကိုယ်ပင် နှိပ်စက်တတ်သော၊ ခတံ၊ မိမိကိုယ်ပင် တူးဖွ ဘတ်သော၊ ဝိတံ၊ အသက် မွေးခြင်းသည်၊ မိ၊ စက်ဆုပ်ထွေထွေ ရွံစရာကြီးပါတကား၊

ဣဓ၊ ဤလူ့ရွာ၌၊ မဏ္ဍနကာမာ၊ ဟန်ရပန်ရ လှပ ပြုပြင် တန်ဆာ ဆင်လိုကုန်သော လုလင်ပျိုတို့သည်၊ ဂူထံ၊ မစင်ကို၊ ဝိဝဇ္ဇယန္တိဝိယ၊ ကြဉ်ကုန်၏သို့၊ ကုဏပံ၊ နံ ညှီ ဆိုး ယုတ် သေ ကောင် ပုပ် ကို၊ ဝိဝဇ္ဇယန္တိဝိယ၊ ကြဉ်ကုန်၏သို့၊ ယံ၊ အကြင်အလင်္ဂီ ဒုဿီလကို၊ သီလ ဝန္တော၊ သီလတန်ဆာ အလင်္ကာ ရှိကုန်သော၊ သန္တော၊ သူတော်ကောင်းတို့သည်၊ ဝိဝဇ္ဇယန္တိ၊ ဝေးဝေးကပင်

ရှောင်ကြဉ်ကြကုန်၏။ တသ၊ ထိုဒုဿီလ ရဟန်း၏။ တံဇိဝိတံ၊ ထိုမိစ္ဆာဇိဝိတသည်။ ကိံ၊ အဘယ် အကျိုး ရှိအံ့နည်း။

ဒုဿီလော၊ သည်။ သဗ္ဗာဘယေဟိ၊ခပ်သိမ်းကုန်သော ဘေးတို့မှ။ အမုတ္တော၊ မလွတ်နိုင်။ သဗ္ဗေဟိ၊ ခပ်သိမ်း ကုန်သော။ အဓိဂမသုခေဟိ၊ ရောက်ထိုက်ကုန်သော ချမ်းသာတို့မှ။ မုတ္တော၊ လက်လွတ်၏။ သုပိဟိတသဂ္ဂဒွါ ရော၊ အလွန်မြဲစွာ ပိတ်ဆို့၍ ထားအပ်သော နတ်ရွာ တံခါးရှိ၏။ အပါယမဂ္ဂံ၊ အပါယ်ခရီးသို့။ သမာရုဠှော၊ စင်စစ်မသွေ သက်ရောက်ရှာလေ၏။

ဒုဿီလသမော၊ဒုဿီလပုဂ္ဂိုလ်နှင့်တူသော၊ ကာရုဏိ ကဇနသ၊ အလွန် သနားတတ်သောသူ၏။ ကရုဏာယ၊ ကရုဏာ၏၊ ဝတ္ထုဘူတော၊ အာရုံဖြစ်၍ဖြစ်သော၊ ဒုဿီ လတော၊ ဒုဿီလပုဂ္ဂိုလ်မှ။ အညော၊ တပါးသော။ ကောနာမ၊အဘယ် မည်သော သတ္တဝါသည်။ အတ္ထိ၊ ရှိနိုင်တော့အံ့နည်း။ နတ္ထိ၊ မရှိနိုင်တော့လေပြီ။ ဣတိဣမိနာ နယေန။ ဤသို့ဆိုအပ်ပြီးသော နည်းဖြင့်။ ဒုဿီလတာယ၊ အတွင်းပုပ်သိုး အခိုးနံညှီ အလဇ္ဇီ ဒုဿီလ အဖြစ်၌။ ဒေါသာပိ၊ အပြစ်တို့သည်လည်း။ ဗဟုဝိဓာ၊ ပဉ္စပ္ပ သံသရာ နှစ်ဖြာဆုတ်နစ် ယုတ်ညစ် ဆိုးရွား အလွန် ပေါများသော အပြစ်ရှိလှကုန်၏။

ဤကား အလဇ္ဇီဒုဿီလအဖြစ်၌ အပြစ်တို့တည်း။

(၁) အာဒိ သီလံ ပတိဋ္ဌာ စ၊
ကလျာဏာနဉ္စ မာတုကံ။
ပမုခံ သဗ္ဗဓမ္မာနံ၊
တသ္မာ သီလံ ဝိသောဓယေ။

(၂) ဝေလံ စ သံဝရံ သီလံ၊
စိတ္တဿ အဘိဟာသနံ။
တိတ္ထဉ္စ သဗ္ဗဗုဒ္ဓါနံ၊
တသ္မာ သီလံ ဝိသောဓယေ။

(၃) သီလံ ဗလံ အပ္ပဋိမံ၊
သီလ မာဝုဓ မုတ္တမံ။
သီလမာဘရဏံ သေဋ္ဌံ၊
သီလံ ကဝစမဗ္ဘုတံ။ ။

(၄) ဂုဏာနံ မူလ ဘူတဿ၊
ဒေါသာနံ ဗလဃာတိနော။
ဣတိ သီလဿ ဝိညေယျံ၊
အာနိသံသ ကထာမုခံ။

သီလံ၊ သီလသည်။ သဗ္ဗဓမ္မာနံ၊ အလုံးစုံသော ကုသိုလ်ဓမ္မတို့၏။ အာဒိစ၊ အစဦးလည်း မည်၏။ သီလံ၊ သီလသည်။ သဗ္ဗဓမ္မာနံ၊ အလုံးစုံသော မဂ်ဉာဏ် ဖိုလ်ဉာဏ် ဈာန်တရားတို့၏။ ပတိဋ္ဌာစ၊ တည်ရာလည်းမည်၏။ သီလံ၊

သီလသည်။ကလျာဏံ၊ ကောင်းမြတ်ကုန်သော။သဗ္ဗဓမ္မာနံ၊ အလုံးစုံသော သမထ ဝိပဿနာ အစရှိသော တရားတို့၏။ မာတုကာံ၊ အမိလည်းမည်၏။ သီလံ၊ သီလသည်။ သဗ္ဗဓမ္မာနံ၊ အလုံးစုံ ပါမောက္ခ အစရှိသော အနဝဇ္ဇ တရားတို့၏။ ပမုခံ၊ အကြောင်းလည်းမည်၏။ တသ္မာ၊ ထိုကြောင့်။ သီလံ၊ သီလကို။ ဝိသောဓယေ၊ ကိလေသာဘေး ညစ်ကြေးမတင် သန့်ရှင်းစင်အောင် သုတ်သင်ရာ၏။

သံဝရံ၊ သံဝရဖြစ်သော။ သီလံ၊ သီလသည်။ ဝေလံ၊ ဒုစရိုက်စသည့်တို့၏ အပိုင်းအခြား ကမ်းလည်းမည်၏။ စိတ္တဿ၊ စိတ်ကို။ အဘိဟာသနံ၊ အေးမြသန့်စင် ရွှင်စေကြောင်းလည်းမည်၏။ သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်း ကုန်သော ဘုရားရှင်တို့၏၊ တိတ္ထဉ္စ၊ နိဗ္ဗာန်သို့ ကူးရာ ဆိပ်လည်းမည်၏။ တသ္မာ၊ထို့ကြောင့်။ သီလံ၊ သီလကို။ ဝိသောဓယေ၊ ကိလေသာဘေး ညစ်ကြေးမတင် သန့်ရှင်းစင်အောင် သုတ်သင်ရာ၏။

သီလံ၊ သီလသည်။ အပ္ပဋိမံ၊ အတုမရှိသော။ ဗလံ၊ ခွန်အားလည်းမည်၏။ သီလံ၊ သီလသည်။ ဥတ္တမံ၊ မြတ်သော၊ အာဝုဓံ၊ လက်နက်လည်းမည်၏။ သီလံ၊ သီလသည်။ သေဋ္ဌံ၊ ချီးမွမ်းအပ်သော။ အာဘရဏံ၊ တန်ဆာလည်းမည်၏။ သီလံ၊ သီလသည်။ အဗ္ဘုတံ၊ မဖြစ်ဘူးမြဲသော။ ကဝစံ၊ ချပ်မိန်ညှိလည်းမည်၏။

ပကတိ၊ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့်၊ ဂုဏာနံ၊ လောကီ လောကုတ္တရာ ကျေးဇူး တို့၏ မူလဘူတသော၊ အရင်းအမြစ် ဖြစ်၍ ဖြစ်သော၊ ဒေါသာနံ၊ ကိလေသာ တည်းဟူသော အပြစ်တို့၏ ဗလဃာတိနော၊ အား စွမ်းကို ဖျက်ဆီးတတ်သော၊ သီလဿ၊ သီလ၏ အာ နိသံသ ကထာ မုခံ၊ အာနိသင်ကိုဆိုရာ စကားအဖွင့်ကို ဝိညေယျုံ၊ နစ်နေ့ကုန်စင် ဉာဏ်သက်ဝင်၍ ဆင်ခြင် သိမြင်ရာ၏။

ဤကား လဇ္ဇီ သီလဝန္တ အဖြစ်၌ အကျိုးတွေ့တည်း။

ဤဆိုအပ်ပြီးသော စည်းကမ်း ကျင့်စဉ်များကို ဒွါရ ဂိုဏ်းကြီး၏ အာဒိကမ္မိက ပဏ္ဍိတ်ပိုဒ် ဒုနိုဗိုဒ်ဆရာ တော်ဘုရားကြီး၏ နည်းအားလျော်စွာ ရေးသားထုတ် ပြန်အပ်သည် ဖြစ်သောကြောင့် ထိုဆရာတော် ဘုရား ကြီး ညီးညီး ငွါး ၃ါး မြင်းမိုရ် တောင် အလား ကဲ့သို့ တည်ထောင် ပြုစု၍ထားအပ်သော ဒွါရဂိုဏ်းဟူသော အမည်ကို ယူ၍ သာသနာ တော်ကြီး၌ မှီခို ဆည်းကပ် နေထိုင်ကြကုန်သော ပုဂ္ဂိုလ်တို့သည် ဤကျင့်စဉ် စည်း ကမ်းချက်များကို ကြိုးစားလိုက်နာ ကျင့်ဆောင် ကြပါမှ အမည်နှင့်အကျင့် သင့်မြတ် ညီညွတ်ကြမည်ဖြစ်ကြောင်း ကို ကောင်းစွာ နှလုံးသွင်းတော် မူကြစေလိုသည်။

၍တွင်၍ ကျေးဇူး တော်သျှင် ဖြစ်တော် မူသော အဂ်မိုရ် ဆရာတော်ကြီးဘုရား ပိုင်း ခြား သတ် မှတ် ပညတ်မိန့်ကြားတော် မူအပ်သော ဘုရားရှင် သာသနာတော်မြတ်ကြီး ညီးညီးလွှင်လွှင်စည်ပင်ပွင့်လင်းကြောင်း မူဟောင်း စံထုံးကို မသုဉ်း မဆိတ်စေရ နယဂ္ဂါဟာမူ၍ ရေးသားပြီးလျှင်

## ဟသ်ာတမြို့

### ရန်ကုန်တိုက်

မာလာဘိခေဇ ကဝိန္ဒာဓိပတိ မွေ့ဝံသသေနာပတိ

ဂဏာဓိသာရ မဟာနာယကဂုရု

•

သမုတိ တံဆိပ်တော်ရ မဟာနာယကဆရာတော်ကြီးဘုရား အတည်ပြု၍သန်း ထုတ်ဆင့်တော် မူအပ်သော နွါရဂိုဏ်းကြီး၏ စည်းမျဉ်းဥပဒေသ ကျင့်စဉ် စာတမ်းသည် ဆုံးခန်း တိုင်ရောက် ပြီးမြောက် အောင်မြင်လေသတည်း။

၍စာတမ်းကို ၁၂၈၁ ခုနှစ် ပြာသိုလဆန်း ၃ ရက်နေ့ ဟသ်ာတမြို့ ရန်ကုန်တိုက် မဟာနာယက ဆရာ

ဘေးခဲကြီး အနေ့ရှိသော သံဃာတော် အရှင်များ ရှေ့၌ တကြိမ် ၎င်းလဆန်း ၄ ရက်နေ့ မင်းသူ ပူဇော်ခံပွဲ ကျင်း ပရာ ရဟန်းသံဃာပရိသတ် မင်းမှူးမတ် သူဌေးကုန်သည် ကြီး စသော ပရိသတ်ရှေ့၌ တကြိမ် ဘာသယ်ဖျောက် ကြားနာတော်မူကြပြီး၍ ဆန္ဒ ထုညီတော် မူကြသဖြင့် အတည်ပြု၍ ခန်း ထုတ်ဆင့်တော်မူအပ်သည်။

ရပ်ဝေးရပ်နီး စည်းဝေးကြွလာတော်မူသော သံဃာ တော် ၁၅၀ ခန့်အနက် ကိုယ်တိုင် ကြွရောက် ဆန္ဒ ပေးတော်မူကြသော နာယက ဆရာတော် များမှာ

## အနုနာယက ဆရာတော်ကြီးများ

| | |
|---|---|
| ဟင်္သာတမြို့နယ် | ကျုံဖါးဆရာတော်ကြီး။ |
| ဇလွန်မြို့ | သိမ်ကျောင်းတိုက်ဆရာတော်ကြီး။ |
| အင်္ဂပူနယ် | မဲဇလီကုန်းဆရာတော်ကြီး။ |
| ၎င်း | ကန်ကုန်းဆရာတော်။ |
| ၎င်း | ကန်ဆည်ဆရာတော်။ |
| ဓနုဖြူမြို့ | သဒ္ဓမ္မဇောတိကာရုံဆရာတော်။ |
| ပဲခူးမြို့ | ရွှေဟင်္သာကုန်းဆရာတော်။ |
| ၎င်း | ကမ္မဋ္ဌာန်းကျောင်း ဆရာတော်။ |
| မော်လမြိုင်ကျွန်း | မင်းကျောင်းဆရာတော်။ |

# ဂဏာရက္ခိတ ဆရာတော်များ။

| | |
|---|---|
| ဟင်္သာတမြို့ | ဓမ္မာရုံဆရာတော်။ |
| ၎င်း | ရေတံခွန်ဆရာတော်။ |
| ၎င်း | လယ်တီဆရာတော်။ |
| ၎င်း | ဘုရားကြီးဆရာတော်။ |

ဟံသာဝတီမြို့

လယ်ဆီဆိုက်

စတုတ္ထ သံယုတ္တဋ္ဌ

မဟာ နာယက ဆရာတော်ကြီး ဘုရား

ထပ်မံ

ဖြည့်စွက်တော်မူအပ်သော

# ဒွါရဂိုဏ်းကြီး၏

## ဥပဒေကျင့်စဉ်

နောက်ဆက်တွဲ။

(၁) ဂိုဏ်းဝင်သံဃာတော်တို့သည် ငါတို့ကား ရာဇဘဏ်မိုဘ ခေဒရာဘ်နိုဘ ရာအန္ဒ ဘသန္ဒ အဘဒ္ဒိဒ် ကာပကဘ ရဟန်းတို့ မဟုတ်ကြကုန်။ မဂ် ဖိုလ် နိဗ္ဗာန်ကို ရည်မှန်း၍ သဒ္ဒါတရားဖြင့် ရဟန်းပြုကြ ကုန်သော သဒ္ဒါပဗ္ဗဇိတ ရဟန်းတို့ ပါပေတကားဟု မိမိတို့ သဒ္ဒါတရားကို ချီးမြှောက်ကြကုန်လျက် ဂိုဏ်းဝင်သံဃာတော်တို့ သဘောတူသဖြင့် အတည်ပြုခွင့်ပြုသောဒွါရဂိုဏ်း စည်းမျဉ်း ဥပဒေများကို ကျူးလွန် ဖေါက်ဖျက်ခြင်း မပြုကြဘဲ အမြဲလိုက်နာစောင့်ရှောက်တော်မူကြရမည်။

(၂) ဝိနည်းတရားတော်သည် သာသနာတော်မြတ်ကြီး၏ အသက်ဖြစ်သောကြောင့် ဒါယကာ ဒါယိကာမများလည်း ဝိနည်း ဒေသနာ တော်ကို တစိတ်တဒေသပင် ဖြစ်လင့်ကစား နားလည်သင့်သမျှ သိရှိနားလည်ပါက သာသနာတော်မြတ်ကြီး၏ စည်ပင် ထွန်းကား ကြီးပွားခြင်း၏အကြောင်းဖြစ်၍ ဤဂိုဏ်းကြီးအတွင်း၌ ဓမ္မကထိက ပုဂ္ဂိုလ် အသီးသီးတို့သည် ဝိနည်းဒေသနာတော်ကို သာ ပမွှာနှံထား၍ ဟောကြားရမည်။

(၃) ဒွါရဂိုဏ်းဝင် သံဃာတော်တို့သည် သင်္ကန်းနှင့်ခံ ကပ္ပိယ သူငယ်ကျောင်းသား ကင်းလျက် မီးရထား သင်္ဘော မော်တော်ကား ဓာတ်ရထားစသည်တို့ဖြင့် ခရီးသွားလာခြင်းမပြုကြရ။

(၄) မိမိတို့တပည့်တပန်း ရဟန်း သာမဏေတို့အား သေခါယ သိက္ခာပုဒ်နှင့် ညီညွတ်စွာ သွားလာ စားသောက် နေထိုင်ကြရန်ကို အထူး ဂရုပြု၍ ဆုံးမသွန်သင်ကြရမည်။

(၅) ဝိနည်းသိက္ခာပုဒ်တော်နှင့် မလျော်သောအံသကိုနှ်ကို ဝတ်ရုံခြင်းမှ ရှောင်ကြဉ်ကြရန် အမြဲသတိပြု၍ နေထိုင်ကြရမည်။

(၆) မျက်စိရောဂါကာကွယ်ရန်သော်ငြင်း ပကတိမှုံပြာ၍ သော်ငြင်း မျက်မှန်ကို အသုံးပြုခြင်းမှ တပါးကြွားလို မော်လို လှပလိုသောသဘောဖြင့် မျက်မှန် တပ်ဆင်လျက် သွားလာနေထိုင်ခြင်းကို ဆင်ခြင်၍ သမဏသညာကို စောင့်ရှောက်ကြရမည်။

(၇) မိမိတို့ဂိုဏ်းတွင်း၌ အရည်အချင်း ရှိသော တပည့် သားမြေးရဟန်း သာမဏေများကို အစိုးရ ပဋ္ဌမပြန် စာမေးပွဲသို့ မဝင်လျှင် မနေရ နှစ်စဉ်ဝင်ရောက်ဖြေဆိုနိုင်ရန် ကျောင်းပိုင် ကျောင်းထိုင် ဆရာတော်တို့က အထူး အားထုတ်သင်ကြား ပို့ချပေးကြရမည်။

(၈) အမျိုးဘာသာ သာသနာ အားဖြင့် သုံးရပ်ရှိရာ အမျိုးဘာသာကို အချို့သော သံဃာတော်များက ရှက်ဆောင်ကြပြီးဖြစ်၍ သာသနာတော်အတွက်ကို မိမိတို့ကသက်စွန့် ကြိုးပမ်း ရွက်ဆောင်ကြရမည်။

(၉) သာသနာတော်ရေးနှင့် မကင်းသော လောက ရေးများကို ဆောင်ရွက်လိုက ဆရာတော် ဘုရားကြီး များ၏ အမိန့်တော်ကို နာခံ၍ အမိန့်အခွင့် ရရှိပါမှသာ သိက္ခာပုဒ်တော်နှင့် မငြိမစွန်းရအောင် နည်းလမ်းညွှန်ပြ အြဝါဒပေးကြရမည်။

(၁၀) ဆိုင်ရာနယ်ကိုကျော်ပြီးလျှင် သံဃာတော်နှင့် စပ်၍ ပစ်စာသဘောအားဖြင့် ပေးပို့လေ့ရှိကြရာ မိမိတို့ အုပ်စုပါ သံဃာမဟာတ်က နှောင့်နှေးကြံ့ကြာရုံမျှ ရှိမည် ဖြစ်သောကြောင့် နယ်ရှင် ပယ်ရှင်ဆိုင်ရာ နာယကဆရာ တော် အရှင်များထံသို့သာ တိုက်ရိုက်ပေး၍ လျှောက် ထားကြရမည်။

(၁၁) ဂိုဏ်းဝင် သံဃာတော်တို့သည် ဝိနည်းချိရ် များထံ တစုံတဦးအပေါ်၌ သံသယမကင်း တရားစွဲခြင်း စောဒနာခြင်းကို ပြုလုပ်ပါက ဝိနည်း ဒေသနာတော်နှင့် ညီညွတ်စွာသာ တရားစွဲဆို စောဒနာခြင်းကို ပြုလုပ်ကြ ရမည်။

(၁၂) ဂိုဏ်းဝင် သံဃာတော် တို့သည် နာယက ဆရာတော်အသီးသီးတို့၏ အမိန့် ဩဝါဒ များကို ရိုသေ လေးမြတ်စွာ လိုက်နာတော်မူကြရမည်။

(၁၂) အနယ်နယ်၌ သိတင်း သုံးတော် မူကြသော အနုနာယက ဆရာတော်တို့သည် မိမိတို့နယ်၌ ဖြစ်ပွား သော အဓိကရုဏ်းအသေး အကြီးကိုကြည့်၍ မိမိတပါး တည်းဖြစ်စေ နီးစပ်ရာ အနုနာယက ၂ ပါး ၃ ပါး နှင့်ဖြစ်စေ တိုင်ပင်၍ ပြီးပြတ်ပြေအေးအောင် ဆုံးဖြတ်ကြ ရန်နှင့် အလွန်အရေးကြီးလေးခဲယဉ်းသော အဓိကရုဏ်း များကိုသာ မဟာနာယက ဆရာတော် ဘုရားကြီးထံ လျှောက်ထားကြရမည်။

(၁၄) နာယက ဆရာတော်များကဖြစ်စေ ဂိုဏ်းဝင် သံဃာတော် တပါးပါးကဖြစ်စေ အကြောင်းကိစ္စတခုခု အတွက် အတိုင်ပင်စာ ပေးသောအခါ အလေးဂရုပြု သောအားဖြင့် မိမိတို့ ထင်မြင်ချက် များကို ထုတ်ဘော် ရေးသား၍ လျှောက်ထားစာပြန်ပို့ကြရမည်။

(၁၅) သံဃာစာရင်း ရိုက်နှိပ်ရန်နှင့် ဩဝါဒမိန့်ခွန်း တော်များ ရိုက်နှိပ်ဝေဌရန် ကိစ္စများကိုအနုနာယကဆရာ တော်များကကြောင့်ကြခဲ့ ပြုတော်မမူဘဲ စွမ်းနိုင်သည့် အလျောက် တာဝန်ယူတော်မူကြရန် အလေး ပြုတော်မူ ကြရမည်။

(၁၆) အဘိဏှဒဿန အပရိဟာနိယ ဖြစ်စေခြင်းဌာ အန္တရာသန္နိပါတကို နှစ်စဉ် နှစ်တိုင်း တပို့တွဲလဆန်း ၁၃ ရက်နေ့ ကြွရောက်တော်မူ၍ ၁၄ ရက်နေ့ည မဟာနာယ

က ပူဇော်ကိုပြုတော်မူပြီးလျှင် သာသနာနှင့် စပ်လျဉ်းသော အကြောင်းကိစ္စများကို ဆွေးနွေး တိုင်ပင်တော် မူကြ ရမည်။

(၁၇) ၁၂၉၉ ခုနှစ်မှစ၍ ၃ နှစ်တကြိမ် မဟာ သန္နိပါတဟု ဆို အပ် သော မဟာနာယကပူဇော်နှင့်ဂိုဏ်း လုံးကျွတ်အစည်းအဝေးကြီးကိုပြုလုပ်တော်မူကြရန် အနု နာ ယ က ဂဏာရက္ခိတ ဆ ရာ တော် များ နှင့် တ ကွ ကျောင်းသိုး ကျောင်းပိုင် ကျောင်းထိုင် ဆရာတော် အပေါင်းတို့ မလာမရောက် မနေကြဘဲ သည်းစွာသော သဒ္ဒါဝိရိယ သမာ ဆန္ဒ တို့ဖြင့် ကြွရောက်တော် မူကြ ရမည်။

(၁၈) ထိုအနုရသန္နိပါတ မဟာသန္နိပါတ အစည်း အဝေး ၂ ရပ်သို့ ကြွရောက်တော် မူကြမည်ဖြစ်သော အနုနာယက ဆရာတော်များက မိမိတို့နှင့်တကွ အုပ်စုပါ သံဃာတော်များ မည်ရွေ့ မည်မျှ ကပ္ပိယကာရက ကျောင်းသား မည်ရွေ့မည်မျှ ပါလာကြမည်ကို ပြာသိုလ ပြည့်အတွင်း တင်ကြို၍ မဟာနာယက ဆရာတော် ဘုရား ကြီးထံ လျှောက်လွှာတင်သွင်း ဆက်ကပ်ကြရမည်။

(၁၉) ဘုန်းကြီးပြန်ကိစ္စများ ပေါ်ပေါက် လာခဲ့ သော် သံဃာတော် အရှင်မြတ် တို့လည်း အပ္ပကိစ္စ ဖြစ်စေရန် အာသဝက္ခယနိယတရား နည်းပါး၍ ဒါယကာ

ဒါယိကာမတို့လည်း ပင့်ညီးဥစ္စာ ကုန်ကျခြင်း နည်းပါး စေရန် ဖြန်လွှန်တော် မူသော ပုဂ္ဂိုလ်၏ ဂုဏ်သိက္ခာ အားသျော်စွာ ကျဉ်းနိုင်သမျှ ကျဉ်းအောင် အထူးဂရု ပြု၍ စီမံကြရမည်။

(၂၀) စာပေကျမ်းဂန် သင့်အံ့ လေ့လာခြင်း မရှိ ဘဲ ညနေချမ်းအခါ ညဥ့်အခါတို့၌ လူရှိရာ ရေတွင်း ရေကန် ရေချိုးဆိပ်စသည်သို့ရင်း လူနေအိမ်များသို့ရင်း လည်ပတ်တတ်သော ရဟန်းဖျင်း ကျောင်းသို့ အဖန်ဖန် လာရောက်၍နှစ်ယောက်ချင်း မိန်းမနှင့် စကား ကြာရှည် ပြောနေ တတ်သောရဟန်းဖျင်းကို ကျောင်း ထိုင်ဘုန်း တော်ကြီးက နှိပ်ကွပ်ဆုံးမ အရပ်တပါးသို့ ပို့လိုက်ရမည်။

(၂၁) တစုံတခုသော အရေးဖြင့် ၂ ပါး ၃ ပါး ဖြစ်စေ သံဃာအများဖြစ်စေ တွေ့ဆုံမိသောအခါ ဂါမ ကထာ နဂရကထာ ဇနပဒကထာ အစ ရှိသော တိရစ္ဆာန ကထာ ရယ်မောစရာပြော တသောသော မနေဘဲ မွေ့ပဋိသန္တာရ ကထာကို ပြော၍ရင်း စကား မပြော တုဏှိဘောဖြင့် တရားကိုနှလုံးသွင်း၍ သော်ရင်း နေထိုင်ကြရမည်။

(၂၂) ရဟန်းတို့နှင့် ဒါယကာ ဒါယိကာ မတို့ ပေါင်းသင်းဆက်ဆံကြပုံသည်

ဒါယကာ တို့က ရဟန်း တို့ကို အာမိသဖြင့် ဖြား ယောင်း၍ ရဟန်းထံမှပစ္စည်းကို ရဟန်းကလည်း ဒါယ

ကာတို့ကို ပန်း သစ်သီးစသည်ဖြင့် ဖြားယောင်း၍ ဒါယကာတို့၏ ပစ္စည်းကို ယူသည်၏ အစွမ်းအားဖြင့် ဒါယကာ ဆရာ ၂ ဦးစလုံး မကောင်း ယုတ်မာ ဗလေဗလာဖြစ်သော ဂါဟ ဂါဟက ပေါင်းသင်းနည်းတမျိုး

ဒါယကာ ဒါယိကာမတို့က ချေးနည်းအတိုင်း ဖြားယောင်း၍ ယူသည်၏ အစွမ်းအားဖြင့် ရဟန်းတို့က ငါတို့သည် လူတို့၏ရှိခိုးပူဇော် မြတ်သောအလှူကို ခံထိုက်ပေတကား ဟု ဒက္ခိဏေယျ၏ အစွမ်းအားဖြင့် ဒါယကာကား မကောင်း ဆရာမှာသာ ကောင်းမွန်ဖြစ်သော ဂါဟမုတ္တက ပေါင်းသင်းနည်းတမျိုး

ဒါယကာ တို့က ဒက္ခိဏေယျ၏ အစွမ်း အားဖြင့် ပစ္စည်း ၄ ပါးကိုပေးလှူ ရဟန်း တို့က ပန်း သစ်သီး စသည်တို့ဖြင့် ဖြားယောင်း၍ ယူသည်၏ အစွမ်းအားဖြင့် ဒါယကာ ကောင်း၍ ရဟန်း မှာသာ မကောင်း ယုတ်မာခွာဖြစ်သော မုတ္တဂါဟက ပေါင်းသင်းနည်းတမျိုး

ဒါယကာ တို့ကလည်း ဒက္ခိဏေယျ၏အစွမ်း အားဖြင့် ပစ္စည်း ၄ ပါးကို ပေးလှူ။ ရဟန်းတို့ကလည်း ဝိညာဏ် ပါတိမောက်သံ မထေရ်ကဲ့သို့ ဒက္ခိဏေယျ၏ အစွမ်းအားဖြင့် ဒါယကာဆရာ ၂ ဦးစလုံး ကောင်းမွန်ခွာဖြစ်သော မုတ္တ မုတ္တက ပေါင်းသင်းနည်း တမျိုး

အားဖြင့် ၄ မျိုးရှိရာ . ဘုရားရှင် ချီးမွမ်းတော် မူအပ်သော ဂါဟ မုတ္တကနှင့် မုတ္တ မုတ္တက ပေါင်းသင်းနည်းမျိုးဖြင့်သော ဂဟိအသံသမ္မ ဖြစ်ရလေအောင် အထူးသတိဆောင်၍ နှစ်ဦးအကျိုးရှိအောင် နေကြရမည်။

(၂၄) ဤ ငါတို့ အရှင်ကား သိမ်မွေ့၏၊ နူးညံ့၏၊ ပြုံးရယ်ခြင်းလျှင် ရှေ့သွားရှိသော စကားကို ပြောဆိုတတ်၏၊ ပေါ်လွင်သော မျက်နှာရှိ၏၊ နှုတ်ဆက်တော်ရ၏၊ ဂရုစိုက်တော်ရ၏၊ တို့များ ကျောင်းသို့ သွားသောအခါ နေရာထိုင်ခင်း ပေးတော်ရ၏၊ သည်လာပါသည့်ကြွပါစသဖြင့် ခရီးဦးကြို ဆိုတော်ရ၏၊ ကျွေးတော် မွေးတော်ရ၏၊ပေးတော် ကမ်းတော်ရ၏၊ တော်တော် ရွှေရွှေရှိ၏၊ စောင့်ရှောက်တော်ရ၏။ တယ်ပြီး လောကွတ်ကောင်း၏၊ မစားရ ဝခမန်းပင်စသောအားဖြင့် ချီးမွမ်းရာမရောက် ကွဲ့ရဲ့စွပ်စွဲရာသာ ရောက်သော အချီးအမွမ်းမျိုးကို သာကီဝင် မင်းသား ဘုရားသားချစ် ရတနာအစစ်ဖြစ်ကြသည့် အားလျော်စွာ မသာမယာ မနှစ်သက် မခံယူကြဘဲ ထိုအချီးအမွမ်းမျိုးမှ ကင်းဝေးကြ၍ အထက်တန်းစား အဘိုးတန် အမျိုးမှန် ရတနာကောင်း ရတနာစစ်ဖြစ်ကြရလေအောင် အထူးသတိဆောင်၍ နေကြရမည်။

ယခု ကာလ၌ကား ဤဒါယကာ ဒါယိကာမမျိုးများလှ၏၊ အထူး သတိပြုတော်မူကြပါကုန်။

(၂၄) လူ သာမဏောတို့နှင့် ၃ ညဉ့်ထက်ပို၍ မအိပ်ကောင်း ညဉ့်မဖြတ်ဘဲ အတူ အိပ်ခဲ့သော် ညဉ့်တိုင်း ညဉ့်တိုင်း ပါစိတ်အာပတ်မှ မလွတ်လေရကား အရဟ်မတက်မှီထ၍ အရုဏ် တက်ပြီးသည့် တိုင်အောင် ဘုရားရှိခိုး၍သော်၎င်း တစုံ တခုသော ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍သော်၎င်း နေထိုင်ကြရမည်၊

(၂၅) တမိုးတခဲ တည်းသော ကျောင်း တမိုးတရံ တည်း၌ အခန်းပေါင်းများစွာ ရှိသောကျောင်း အတွင်းမှ လှေကားတပ်သော အချုံ့သော နှစ်ထပ်ကျောင်းများ၌ တခန်းစီ အောက် အထက် မာတုဂါမများနှင့် အိပ်ကောင်းသည်ဟု အမှတ်ရှိ၍ သော်၎င်း မအိပ်ကောင်းဟု အမှတ် ရှိသော်လည်း အမှတ်မဲ့ သော်၎င်း အိပ်မိ တတ်ကြကုန်၏ ထိုသို့မဖြစ်စေရန် ဒုတိယသဟသေယျ သိက္ခာပုဒ် ပါဠိတော် အဋ္ဌကထာကို ဧသချာ စေ့ငုံ ကြည့်ရှုမှတ်သား၍ ရှောင်ကြဉ်ကြရမည်၊

(၂၆) မာတုဂါမ မယ်သီလတို့ကို စာချ ဘဏ္ဍာစိုး ကပ္ပိယပြု၍ ကျောင်းတွင်းမှာ လက်ခံ မွေးထားအများယုံမှား သံသယမကင်းစရာ သွားလာ ထွက်ဝင် အကျွမ်းတဝင် မနေကြရ၊

(၂၇) သိကြား လိမ်မာသော ယောကျ်ားအဘော်ကင်းလျက် မာတုဂါမနှင့် နေထိုင်ပြောဆိုခြင်း မရှိကြရအောင် အထူးသတိဆောင်၍ နေကြရမည်၊

(၂၈) အချို့သော တောရွာ ဒေသတို့၌ နေထိုင်ကြကုန်သော ရဟန်းတော်တို့သည် မာတုဂါမ တို့နှင့် တိုင်ပင်ညှိနှိုင်းတ်၍ဖြစ်စေ တပည့်တော်မ တို့အား မည်သည့် ရွာ မည်သည့်ဘုရားသို့ လိုက်၍ပို့ပါ စသဖြင့် စေခိုင်း၍ဖြစ်စေ အတူတကွ သွားလာ နေထိုင်တတ်ကြကုန်၏၊ ထိုသို့သွားလာနေထိုင်ခြင်းကို အထူးဂရုပြု၍ ရှောင်ကြဉ်ကြရမည်။

(၂၉) ဟင်းပင် ကျွေးပင်တို့ကို ကိုယ်တိုင် စိုက်ပျိုးခြင်း မအပ်သော အကပ္ပိယ ဝေါဟာရဖြင့် စိုက်ပျိုးစေခြင်း ကိုယ်တိုင်ရေလောင်းခြင်း အကပ္ပိယ ဝေါဟာရဖြင့် ရေလောင်းစေခြင်း စသည်တို့ကိုမပြုလုပ်မိအောင်ရှောင်ကြဉ်ကြရမည်။

(၃၀) စားကောင်း သောက် ဖွယ် စသည် တို့ကို အကပ်မခံဘဲကိုင်ခြင်း အကပ်ခံပြီးတို့ကို မလိမ်မာသော ကပ္ပိယတို့အား သိမ်းဆည်းစေခြင်း ကိုယ်တိုင်ချက်ပြုတ်ခြင်းစသည်တို့ကို အထူး ဂရုပြု၍ ရှောင်ကြဉ် ကြရမည်။

(၃၁) အလျှူ မသာစသည်တို့၌ ရဟန်းတော် တို့သည် အိမ်သို့သွား၍ မဏ္ဍာပ်ဆင်ခြင်း လိုက်ဆင်ခြင်စသော ဂိဟိကမ္မပဟိကာ ဂမန အနေသနအမှုတို့ကို ပြုမလုပ် မိကြရန် အလေးဂရုပြုကြရမည်။

(၃၂) မသာချရာတို့၌ ရဟန်းသံဃာသို့ကို မသာ၏ ရှေ့မှလိုက်ပါရန် ပင့်ဆောင်တတ်ကြကုန်၏၊ မသာကို ရှေ့ရှု၍ မတပရိဝါရအဖြစ်ဖြင့် အသုဘ သညာကင်း၍ မလိုက်အပ်သောကြောင့် မလိုက်မိရန် သတိပြုကြရမည်။ အသုဘသညာဖြင့်ကား လိုက်ကောင်းသေး၏ဟူလို

(၃၃) အချို့သောရဟန်း ကျောင်းတို့၌ မိန်းမကလေးများကို သာသနာရေး ဘာသာရေးတို့နှင့်စပ်၍ မလွှဲသာ မကင်းသာ လက်ခံရတတ်ကုန်၏၊ ထိုသို့ မလွှဲမကင်းသာ လက်ခံစေကာမူ ကိုယ်တိုင်မသင်ပြမူ၍ ကျောင်းသရာတို့ဖြင့် လွှဲ အပ် ထား ကြ ရ မည်၊ ကျောင်းဆရာမရှိသော ကျောင်းများမှာ ကိုယ်တိုင် ပြသကြရမည်ဖြစ်၍ သတိ ဝါ ဥ ပဋ္ဌာ ဝေ တ ဒွာ ဟူသော ဒေသနာအရ တစုံ တရာ လောကာမိသကို မငဲ့ဘဲ ကရုဏာ ပုဗ္ဗင်္ဂမဖြင့် ငါနှစ်မ ငါ့ကျမ ငါ့ သ မီး က လေး တွေ ပါ တ ကား ဟု သတိကို ဖြစ်စေ၍ပြသကြရမည်။

# ဥပဒေကျင့်စဉ်

## ထုတ်ဝေရခြင်းအကြောင်း။

ဥပဒေပြုလုပ်ထုတ်ဝေရခြင်းဟူသည်မှာ ဘုရားပညတ်တော်မူအပ်သော သိက္ခာပုဒ်အတိုင်း ရှိသေစွာ လိုက်နာ

စောင့်ရှောက်၍ နေထိုင်ကြပါမှုကား ဥပဒေ အထူးပြု လုပ်၍ ထုတ်ဝေရတော့မည်မဟုတ်ချေ၊ ဤသို့မဟုတ်ခြင်း ကြောင့်သာ ထုတ်ဝေရခြင်းဖြစ်သည်ဟု ကြည့်ရှု သူတို့ ထင်မြင်ပါလျှင် တဖက်နစ်နာ ရှက်ကြောက် စရာကြီး ပင်ဖြစ်ချေသည်၊ သိက္ခာပုဒ် ပညတ်ခြင်း၏ အကြောင်း ၄ ပါးကို ဘုရား ဟောတော် မူသည်ကို စဉ်းစားပါ။ အကြောင်း ၄ ပါးကား

(၁) ရတ္တညုမဟတ္တ
(၂) ဝေပုလ္လမဟတ္တ
(၃) လာဘဂ္ဂမဟတ္တ
(၄) ဗာဟုသစ္စမဟတ္တ

ဤလေးပါးပင်ဖြစ်သည်။

ဤ ၄ ပါးတို့တွင် ရတ္တညုမဟတ္တ ဟူသည်ကို ရတ္တညုဟိ မဟတ္တံ ရတ္တညု မဟတ္တံ၊ စိရပဗ္ဗဇိတေဟိ မဟန္တဘာဝေါ အတ္ထော ဟူသော အဋ္ဌကထာအတိုင်း သိ။ သာသနာတော်၌ မြင့်ရှည်စွာ ရဟန်းဖြစ်ကြကုန် သောပုဂ္ဂိုလ်တို့ များသည်၏အဖြစ်။ သိတင်း သိက္ခာ အသက်ဝါကြီးကုန်သော ပုဂ္ဂိုလ်တို့ ပေါများ၍လာကုန်က သူတမျိုး ငါတဖုံဖြစ်ကြ၍ အာသဝဋ္ဌာနိယဓမ္မ ထကြွ သောင်းကြမ်း၍ လာလတ္တံ့၊ ထိုအခါ သိက္ခာပုဒ်ကိုပညတ် တော်မူမည်ဟုလို။

ဝေပုလ္လမဟာဏ္ဏ ဟူသည်ကို ဝေပုလ္လ မဟတ္တနှိ ဝိပုလ ဘာဝေနမဟတ္တံ့ စသော အဋ္ဌကထာ အတိုင်းသိ၊ သာသနာ့ဘောင်၌ ထေရ နဝ မဇ္ဈိမတို့ စည်ကားတိုးပွား၍ လာကုန်က ကျောင်းအိမ်ရာ နေရာတို့ မလောက် မငြ ဖြစ်ကုန်၍ အာသဝဋ္ဌာနိယဓမ္မတို့ ထကြွတိုးပွား၍ လာကုန်လတ္တံ့၊ ထိုအခါ သိက္ခာပုဒ်တော်ကို ပညတ်တော် မူမည်ဟူလို။

လာဘဂ္ဂမဟတ္တ ဟူသည်ကို လာဘဂ္ဂ မဟတ္တနှိ လာဘာနံ အဂ္ဂမဟတ္တံ၊ ယော လာဘာနံ အဂ္ဂေါ ဥက္ကံ မော မဟတ္တ ဘာဝေါ တံပတ္တော့ဘိအတ္ထော၊ လာဘေန ဝါ အဂ္ဂံ မဟတ္တံ့ မ္ပိ၊ လာဘေန သေဋ္ဌ မဟတ္တ ဥ ပတ္တောတိ အတ္ထော ဟူသော အဋ္ဌကထာ ၂ ဝိကပ် အတိုင်းသိ။ အကြင် လာဘ်မြတ်များသည်၏ အဖြစ်သည် ရှိ၏ ထို အဖြစ်သို့ရောက်သောအခါ တနည်း လာဘ်ဖြင့် မြတ်သည် ၏အဖြစ်သို့ရင်း များသည်၏ အဖြစ်သို့ရင်း ရောက်သော အခါ၌ အာသဝဋ္ဌာနိယ တရားတို့ ထင်ရှားတိုးပွား၍ လာကြလိမ့်မည်၊ထိုအခါသိက္ခာပုဒ်တော်ကို ပညတ်တော် မူမည်ဟူလို။

ဗာဟုသစ္စမဟတ္တ ဟူသည်ကို ဗာဟုသစ္စမဟတ္တနှိ ဗာဟုသစ္စဿ မဟတ္တ ဘာဝံ စသော အဋ္ဌကထာအတိုင်း သိ။ နိကာယ်တကျမ်းကိုဖြစ်စေ ၂ ကျမ်း ၃ ကျမ်း

၄ ကျမ်း ၅ ကျမ်းလုံးကို ဖြစ်စေ သင်ကြားတတ်မြောက်ခြင်းရှိကုန်သော ပုဂ္ဂိုလ်တို့သည် အနုယောဂနိသော အားဖြင့် နှလုံးသွင်းကုန်လျက် သာသနာတော်ကို ပြောင်းပြန်ဦးစောက် ခမှောက်လှန် ကြကုန်သည်ဖြစ်၍ အာသဝဋ္ဌာနိယ ဘာရေးတို့ စည်းကားတိုးပွား၍ လာကြကုန်မည်၊ ထိုအခါ သိက္ခာပုဒ်ကို ပညတ်တော် မူမည်ဟူလို။ ။ အကျယ်ကို အဋ္ဌကထာ၌ရှု၍သိ။

ဤသို့ထုတ်ပြန် သာရကုံကို စံယူနှုန်းထားလျှင် ဥပဒေရေးသားထုတ်ဝေရခြင်းမှာ ဆိုအပ်ကုန်ပြီးသော ၄ ချက်တို့တွင် အသက်သိက္ခာ ဝါကြီးရင့်သူတို့ များကုန်သည်ကို စွဲ၍ ဖြစ်စေ ပရိသတ်ခွန်အား စည်ကားတိုးပွားခြင်းကိုစွဲ၍ဖြစ်စေ ကိတ္တိ ယသ အဓိပတေယျ လာဘ်လာဘပေါ်များခြင်းကို စွဲ၍ ဖြစ်စေ နှုတ်လျှာ သွက်လက်ဆိုမိန့်ဖြွက်လျက် အကွက်ကျနည်း ဘယ် ရသော ဗာဟုသစ္စဂုဏ်ကို စွဲ၍ ဖြစ်စေ သူတပါး ငါတခြား အမြင် အယူမတူ ကွဲပြား စင်စီ တွေ့များပြီးလျှင် တပါး၏ စကားကို တပါးက တော်လှန် ချခံမာန်ပြု ထောင်လွှားမှု မညီညွတ်မှုတွေ ပေါ်များ ခြင်းကြောင့် သာလျှင် ဥပဒေ ရေးသားထုတ်ဝေ ရလေတကားဟု အထင်မှား အမြင်မှား ယုံမှားသံသယ ရှိဘွယ်ကြီးပင် ဖြစ်၍ စင်စစ်နုစ်နာ ရှက်ကြောက်ဘွယ်ကြီးပင် ဖြစ်သော်လည်း သိက္ခာ နှနယ် သိတင်းငယ်တို့၏ အကျိုးငှါရင်း ကြည့်ရှုသူ ဒါယကာတို့၏လည်း

ပေဟိပသီက ဂုဏ်နှင့် ပြည့်စုံ သည့်ကို တွေ့ကြုံ ရသဖြင့် ယုံကြည်လေးမြတ်ခြင်း အကျိုးငှါငင်း ဤဥပဒေကျင့်စဉ် ကို ထုတ်ဝေရလေသည်ဟု မှတ်ကုန်ရာ၏။

ကိံ သောဘ စက္ခုဟာနိံ စ၊
ဒိသွာ ဇောသသာမ ဇိဒိတံ။
သင်္ဂါမဝစရ ဥစ္စေသာ၊
ဘုဒေပါဒ္ဓိတွာ သမံ သဒ္ဒါဘိ။

အနုသာသနိဂါထာ

စက္ခုဟာနိံ၊ နိယျာနိကာ၊ ဘုရားမိန့်မြွက်၊ မွေ့စက် ၏၊ ယွင်းကွက်တိမ်မြုတ်၊ ဆုတ်ယုတ် ပျက်စီး ခြင်းကို၊ ဒိသွာ၊ ကိုယ်တိုင်ဗ္ဗေ၊ တွေ့မြင်ကြပါကုန်လျက်၊ ကိံ၊ အဘယ်ကြောင့်၊ သေထ၊ ကြောင့်ကြမဘက်၊ မယရက် ဘဲ၊ အိပ်စက်၍သာ နေနိုင် ကြကုန် ဘိသနည်း။ မှိ၊ သာသနာ့တာဝန်ကို၊ အားသွန်ထိန်းကျောင်း၊ သူတော် ကောင်းတို့၏ အလယ်၌။ ရှက်ဖွယ် သေးနုပ်၊ စက်ဆုပ် ဘွယ်ကြီး ပါတကား။ သင်္ဂါမစရ၊ စစ်မြေ အပြင်၊ အောင်ပွဲဆင်၍၊ ကျင်လည်စွာ တက်ရောက် ကြကုန် သော ဂိုဏ်းဝင် သဃာတော် အရှင်မြတ်တို့။ တုမှေ၊ ငှသနဂ်ဗျူဟာ လိမ်မာကျွမ်းကျင် သင်အရှင်တို့သည်၊ ဥဋ္ဌေထ၊ ဝိနည်းအမွန်၊ အောင်တံခွန်ကို၊ မိုးစွန်တက်မျှ၊

ကိုယ်စီပြ၍၊ သကြပါကုန်လော၊ ဇီဝိတံ၊ နေရောင်ခြည်
ခ၊ နှင်းရည်မျှသို့၊ ဘဝများစွာ၊ သံသရာက၊ ညှာတ
မဖက်၊ မငဲ့ကွက်ဘဲ၊ တပျက်တည်း ပျက်စီး၍လာသော
မိမိ၏အသက်ကို၊ ဥပေက္ခာထွာ၊ သေမှု ကြေမှု၊ တည်
နေမှုဟု၊ ဂရုမထား။ လေးစားမပြု၊ လျစ်လျူ ရှုကြ
၍၊ တံ၊ လေးအသချေ၊ သိန်းနေကမ္ဘာ၊ ဤမျှကြ
အောင်၊ လေ့လာဆည်းပူး၊ ကုသိုလ်ထူးကြောင့်၊
ကျူးထုတ်ဘော်၊ ဟောကြားတော် မူပါမှ၊ ကြားန
ကြုံတွေ့ရသော ဘုရားမိန့်မြွက်၊ ထိုမွေစကိုကို၊ သဒ
အခါခပ်သိမ်း၊ မယံ၊ ငါတို့သည်၊ မယံ၊ တွေ့ခဲကြုံ
တွေ့ကြုံခဲသော၊ ထူးကဲမြင့်မြတ်။ သာသနာ ဓာတ်သ
မပြတ်ခိုအောင်း၊ သူတော်ကောင်း ဖြစ်ကြ ကုန်သေ
ငါတို့သည်။ သမ်၊ သမာဆန္ဒ၊ ဝိရိယ သဒ္ဓါ တူညီစွ
လျှင်။ ဇောတေမ၊ အခမ္မတာရေး။ မထွန်းကားအော
ပယ်ရှားနှိမ်နင်း၊ ထွန်းလင်းတောက်ပ စေကုန်အံ့၊ ဇွ
၍သည့်ကား အနှ သာသနိတည်း။

294.311, 2-47
A1MMGB001617

ကမ္ဘာ့ [illegible] တ သိုလ်
စာကြည့်တိုက်
ကမ္ဘာအေး